# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)


၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့။ Thursday, 19 September 2024 ၁၁၅၈၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာသာသနာ့ဗိမာန် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများအား သွားရောက်အားပေး၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာသာသနာ့ဗိမာန် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများကို အားပေးစကား ပြောကြားစဉ်။

နေပြည်တော် စက်တင်ဘာ ၁၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာသာသနာ့ဗိမာန် ရေဘေးရှောင် ကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများအား သွားရောက်အားပေး စကားပြောကြားပြီး ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

ယနေ့ ဖတ်စရာ

**မော်တော်ယာဉ်မတော်တဆမှု ဖြစ်စဉ်ကယ်ဆယ်ရေးသင်တန်း သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ**

စာမျက်နှာ » ၈

**ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သော ဒေသများတွင် သေဆုံးခဲ့သော ဒေသခံပြည်သူများအား နိုင်ငံတော် အစိုးရက ထောက်ပံ့ငွေများ ပေးအပ်မည်**

စာမျက်နှာ » ၁၄

**ဆရာ ဆရာမများ၊ ဝန်ထမ်းများအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ မိုးလေဝသ သတင်းများကို အလေးထားပြင်ဆင်ရန်နှင့် သန်းခေါင်စာရင်း လုပ်ငန်းစဉ်များတွင် ပူးပေါင်းကူညီရန်လို**

စာမျက်နှာ » ၁၅


ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၁၁ ) ရက်သာ လိုတော့သည်။

ကြေးမုံ

# ပညာလည်းသင် စာပေမှတ်သား အနာဂတ်အတွက် အလေးထား

ယနေ့ကမ္ဘာတွင် ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုအခြေအနေအရ ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ အဆက်မပြတ် လိုအပ်လျက်ရှိသည်။ ခေတ်မီတိုးတက်ပြီး အဆင့်အတန်းမြင့်မားသော နိုင်ငံတည်ဆောက်နိုင်ရန်အတွက် ပညာရည်တိုးတက်မြင့်မားရေးသာမက စဉ်းစားဆင်ခြင်တွေးခေါ်မှုနှင့် ဆင်ခြင်တုံတရားမြင့်မားသော နိုင်ငံသားများလိုအပ်နေသည်။ ထို့ကြောင့် နိုင်ငံအများသည် ပညာရေးကိုအခြေခံသည့် လူ့ဘောင်အသိုက်အဝန်းကို တည်ဆောက်လျက်ရှိသည်။

မျက်မှောက်ကာလ ပညာခေတ်တွင် အသိပညာ၊ အတတ်ပညာများ တတ်မြောက်ရန်သာမက စွန့်ဦးတီထွင် ကြံဆဖန်တီးနိုင်သည့် IT နည်းပညာ၊ AI နည်းပညာများပါ တတ်မြောက်ရန် လိုအပ်လာသည်။ အဆင့်မြင့်နည်းပညာများ တတ်မြောက်ရန်အတွက် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး အနည်းဆုံး KG+9 အထိမဖြစ်မနေ သင်ကြားတတ်မြောက်ထားရန်လိုအပ်သည်။ တစ်နည်းဆိုလျှင် အခြေခံပညာအလယ်တန်းအထိ သင်ကြားတတ်မြောက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ပညာတတ်မှသာ အတွေးအခေါ်များ တိုးတက်ကောင်းမွန်လာပြီး စဉ်းစားဆင်ခြင်တုံတရားများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပညာသင်ကြားမှုနှင့် ပညာတတ်များ အလွန်အားနည်းနေသေးသည်ကို တွေ့ရသည်။ ဥပမာအားဖြင့် ညောင်ဦးခရိုင်တွင် လူဦးရေ ငါးသိန်းကျော်ခန့်ရှိသော်လည်း ကျောင်းသား ကျောင်းသူဦးရေမှာ ၁၇ ရာခိုင်နှုန်းကျော်သာရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် အလွန်နည်းပါးနေသည်။ အထက်တန်းအဆင့်အထိ တက်ရောက်သည့် ဦးရေမှာလည်း ၁၂ ဒသမ ၈၈ ရာခိုင်နှုန်းသာရှိသဖြင့် တန်းစဉ်ကူးပြောင်းမှုတွင် အလွန်နည်းပါးနေသည်။ အလားတူ အခြားဒေသများတွင်လည်း ပညာသင်ကြားမှုတွင် အားနည်းချက်များရှိနေသည်။ ထို့ကြောင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းအားပေးဆောင်ရွက်ကြရန်လိုသည်။ ပညာသင်ကြားရေးသာမက အသိပညာပေးခြင်း၊ ထိန်းကျောင်းတည့်မတ် လမ်းညွှန်ပြသခြင်းတို့ကို ပြုလုပ်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူငယ်ကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးနှင့်ပတ်သက်၍ လူမှုရေးဦးတည်ချက်နှစ်ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ပညာသင်ကြားရေးသာမက အသိပညာဗဟုသုတကြွယ်ဝပြီး အနာဂတ်ကိုပုံဖော်ထုဆစ်နိုင်သူများ ဖြစ်လာစေရေးအတွက် ကျောင်းနေစဉ်ကတည်းကလမ်းကြောင်းတည့်မတ် ထိန်းကျောင်းပေးနိုင်ရေးကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကောင်းမွန်သော နိုင်ငံတော်၏အနာဂတ်ကို ပုံဖော်ထုဆစ်နိုင်ရေးတွင် ပညာတတ်မြောက်ရေးသာမက အသိပညာဗဟုသုတများကြွယ်ဝပြီး ဆင်ခြင်တုံတရားမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်လိုအပ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်တင်ဘာလ ၁၆ ရက်နေ့က ညောင်ဦးခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် "ပညာရည်မြင့်မားရေးသည် တိုင်းပြည်၏အနာဂတ်ကို တည်ဆောက်နိုင်ရေး ပုံဖော်နေခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်နေရသည့်ဒေသ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူများစွာ ဖြစ်စေနိုင်မည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားကြရန်"မှာကြားခဲ့သည်။

နိုင်ငံတော်အစိုးရက ပညာရေးကို အားပေးမြှင့်တင်ချိန်တွင် တစ်ဖက်ကလည်း အသိပညာဗဟုသုတနှင့် တွေးခေါ်မြော်မြင်မှုမြင့်မားစေရန်အတွက် စာဖတ်ရှိန်မြင့်မားတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရက မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိသည်။ စာကြည့်တိုက်များဖွင့်လှစ်ပေးခြင်းဖြင့် ပညာသင်ကြားခြင်းမပြုနိုင်တော့သည့်အရွယ်သို့ ရောက်ရှိနေသူများအနေဖြင့် ဘဝတိုးတက်ရေးအတွက် သိရှိရန်လိုအပ်သည့် အသိပညာများ၊ အတတ်ပညာများကို လေ့လာဆည်းပူးနိုင်မည်ဖြစ်သည်။ အခြေခံပညာကျောင်းများ၌ ကျောင်းစာကြည့်တိုက်များ ဖွင့်လှစ်ခြင်းဖြင့်လည်း ကလေးများအနေဖြင့် စာဖတ်ခြင်းအလေ့အထကောင်းများနှင့် စာဖတ်စွမ်းအား တိုးတက်မြင့်မားလာပြီး ဗဟုသုတအသိအမြင်များ ပိုမိုတိုးတက်ရရှိလာမည်ဖြစ်သည်။

သို့ဖြစ်ရာ ပညာရည်မြင့်မားရေး၊ စာဖတ်စွမ်းရည်မြင့်မားရေးသည် တိုင်းပြည်အတွက် ကောင်းမွန်သောအနာဂတ်ကို တည်ဆောက်ပုံဖော်နေခြင်းဖြစ်၍ မိဘအုပ်ထိန်းသူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ကျောင်းသား ကျောင်းသူများနှင့် ပညာသင်ကြားခြင်းမပြုတော့သူများ၏ဘဝ စဉ်ဆက်မပြတ် ရှင်သန်ဖွံ့ဖြိုးနေစေရန် ပညာလည်းသင် စာပေများလည်း လေ့လာလိုက်စားကြပြီး ပိုမိုကောင်းမွန်သော အနာဂတ်ဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။ ။

## အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှု ယန္တရား (National Complaints Mechanism-NCM)ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့်အစမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အစမ္မခိုင်းစေမှုဆိုင်ရာပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံးလိုက်နာဆောင်ရွက်ခဲ့ပြီး အစမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ကို ၂၀၂၀ ပြည့်နှစ်တွင် ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေးအမျိုးသားကော်မတီမှ အစမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားချက်များကို အမျိုးသားအဆင့်အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆိုအစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ်(၅၁) နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice 51@gmail.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အစမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

## မော်ဘီမြို့နယ် သမိုင်းဝင်ရွှေမော်တင်ဘုရား၌ ဆီဆွမ်းလောင်းကပ်လှူပွဲ ကျင်းပ

**မော်ဘီ စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်တွင် သမိုင်းဝင်ရွှေမော်တင်စေတီတော်မြတ်ကြီး၏(၇၆)ကြိမ်မြောက် သံဃဥပုသ်ပြုပွဲနှင့် ဆီဆွမ်းလောင်းကပ်လှူပွဲကို ယမန်နေ့မွန်းလွဲပိုင်းက စေတီတော်မြတ်ကြီး၏ရင်ပြင်တော်ပေါ်၌ ကျင်းပသည်။

(၇၆)ကြိမ်မြောက် ဆီဆွမ်းလောင်းပွဲကြီးကို မော်ဘီမြို့နယ်အတွင်းရှိဘုန်းတော်ကြီးကျောင်း ၂၀၀ မှ သံဃာအပါး ၅၀၀ ကျော်၊ သီလရှင်အပါး ၅၀၀ ကျော်တို့အား မော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့(ခေတ္တ) ဥက္ကဋ္ဌ ဦးမျိုးဝင်း နှင့်အဖွဲ့ဝင်များ၊ မော်ဘီမြို့နယ်ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့မိသားစုများ၊ ကုမ္ပဏီမိသားစုများ၊ စက်ရုံအလုပ်ရုံ မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နှင့်ကျေးရွာများမှ အလှူရှင်များ၊ ရပ်နီးရပ်ဝေးမိသားစုများက အစဉ်အလာမပြတ်ကုသိုလ်ပြု ဆီဆွမ်းလှူဒါန်းခဲ့ကြောင်း သိရသည်။

ဆီဆွမ်းလောင်းပွဲကြီးအတွက် မော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏လမ်းညွှန်မှုဖြင့် ဆီကုန်သည်ကြီးများက အလှူရှင်များအား ဆီပေပါ ၄၃ လုံးကို ဆီဆိုင်ငါးဆိုင်ဖွင့်လှစ်၍ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မော်ဘီ)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၈ - ၉ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၈၀၀ | ၂၁၂ | ၁,၈၆၅,၆၀၀ |
| MTSH | ၃,၄၅၀ | ၃,၅၀၀ | ၂,၁၈၉ | ၇,၅၅၂,၈၀၀ |
| MCB | ၈,၈၀၀ | ၈,၉၀၀ | ၈ | ၇၀,၇၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၂၂၈ | ၄၁၀,၄၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၁၄၃ | ၄၀၀,၄၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၅၇၄ | ၉၇၈,၈၀၀ |
| AMATA | ၄,၄၀၀ | ၄,၄၀၀ | ၃၈၉ | ၁,၇၁၁,၆၀၀ |
| MAEX | ၃,၄၀၀ | ၃,၄၀၀ | ၁၉၉ | ၆၇၆,၆၀၀ |
| MADPL(PLB) | ၃၆,၅၀၀ | ၃၆,၅၀၀ | ၁၀၀ | ၃,၆၅၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

☆ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ရှောင်ရှား၍မရသော်လည်း ကြိုတင်ကာကွယ်မှုကိစ္စရပ်များကိုလုပ်ဆောင်နိုင်သကဲ့သို့သဘာဝဘေးအန္တရာယ်ကျရောက်ပြီးပါက ကယ်ဆယ်ရေးလုပ်ငန်းများဖြင့် မူလအခြေအနေများ ပြန်ရောက်စေရန်နှင့် ပိုမိုကောင်းမွန်စေရန် မိမိတို့အားလုံး၏ လုံ့လ၊ ဝီရိယများဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည်

☆ စိတ်ဓာတ်ကျနေ၍မရဘဲ မူလအခြေအနေ ပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးခဲ့သည့်နေရာများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်မှဦးဆောင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်

**✻ ရွှေဖုံးမှ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေဘေးရှောင်ပြည်သူများအား အားပေးစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ သမိုင်းတစ်လျှောက် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်များတွင် ယခုတစ်ကြိမ်တွေ့ကြုံရမှုသည် အကြီးမားဆုံးဖြစ်ကြောင်း၊ မိမိပုဂံ-ညောင်ဦးခရီးစဉ်မှအပြန်တွင် ရဟတ်ယာဉ်ဖြင့် ရေကြီးမှုဖြစ်ပေါ်ခဲ့သည့်နေရာများသို့ ကြည့်ရှုခဲ့ရာ တောင်ကျချောင်းရေများကြောင့် သစ်ပင်နှင့် သစ်တုံးကြီးများ ရေနှင့်အတူမျောပါလာခဲ့သည်ကို တွေ့ခဲ့ရကြောင်း၊ ယနေ့နံနက်ပိုင်းတွင်လည်း တပ်ကုန်းမြို့အနီးတစ်ဝိုက်သို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများမှာ အလုံးအရင်းလိုက်ဖြင့် စီးဆင်းခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု များစွာဖြစ်ပေါ်ခဲ့ကြောင်း။

**များစွာ စိတ်မကောင်းဖြစ်ရ**

မိမိအနေဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် အသက်အိုးအိမ် စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရမှုအပေါ် များစွာစိတ်မကောင်း ဖြစ်ရပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ရှောင်ရှား၍မရသော်လည်း ကြိုတင်ကာကွယ်မှု ကိစ္စရပ်များကို လုပ်ဆောင်နိုင်သကဲ့သို့ သဘာဝဘေးအန္တရာယ် ကျရောက်ပြီးပါက ကယ်ဆယ်ရေးလုပ်ငန်းများဖြင့် မူလအခြေအနေများ ပြန်ရောက်စေရန်နှင့် ပိုမိုကောင်းမွန်စေရန် မိမိတို့အားလုံး၏ လုံ့လ၊ ဝီရိယများဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ စိတ်ဓာတ်ကျနေ၍မရဘဲ မူလအခြေအနေ ပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးခဲ့သည့်နေရာများကို ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် နိုင်ငံတော်မှဦးဆောင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း ဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ပျက်စီးဆုံးရှုံးခဲ့သည့် ရပ်ကွက်၊ ကျေးရွာများသို့ သွားရောက်နိုင်ရေး လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်စေရန်အတွက် တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အချိန်ကာလအားဖြင့် အများဆုံး ခြောက်လတာကာလအတွင်း မူလအခြေအနေ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်နိုင်ရန် ပြောကြားထားပြီးဖြစ်ကြောင်း။

အလားတူ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်း အထူးသဖြင့် စပါးစိုက်ခင်း၊ ပဲစိုက်ခင်း၊ နှမ်းစိုက်ခင်းများနှင့် အခြားသီးနှံစိုက်ခင်းများ ပျက်စီးခဲ့ကြောင်း၊ စပါးစိုက်ပျိုးသူ တောင်သူများအနေဖြင့် ရေပြန်ကျချိန်တွင် စပါးတစ်သီး ပြန်လည်စိုက်ပျိုးရန်အတွက် ခက်ခဲသွားကြောင်း၊ မည်သို့ပင်ဖြစ်စေ စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်မှ တတ်နိုင်သမျှ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ နွေသီးနှံများကို အပြည့်ပြန်လည် စိုက်ပျိုးပြီး မိုးရာသီတွင် ပျက်စီးသွားသည့် သီးနှံများကို ဖြည့်စွက်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုနှစ်အတွင်း မိုးရွာသွန်းမှုများပြားသဖြင့် ဆည်/တာတမံများအတွင်း ရေများ ပြည့်ဝစွာ ဝင်ရောက်လျက်ရှိသောကြောင့် လာမည့်နွေရာသီအတွက် စိုက်ပျိုးရေကို အပြည့်အဝရရှိစေမည်ဖြစ်ကြောင်း။

မွေးမြူရေးများနှင့် ပတ်သက်၍လည်း မွေးမြူထားသည့် တိရစ္ဆာန်များ သေဆုံးခဲ့မှုများရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက်လည်း အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ချိန်တွင်လည်း စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် အကျိုးကျေးဇူးများကို ပိုမိုရရှိခံစားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**အဝတ်တစ်ထည် ကိုယ်တစ်ခု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် **“သဘာဝဘေးအန္တရာယ်ဆိုတာက ရှောင်ရှားလို့မရဘူးပေါ့ဗျာ၊ တကယ်တော့ စိတ်မကောင်းဘူးပေါ့လေ၊ နိုင်ငံတော်ရဲ့ ဆုံးရှုံးမှုဆိုတဲ့ဟာထဲမှာလည်း ခင်ဗျားတို့ရဲ့ပိုင်ဆိုင်မှုများပါသလို၊ နိုင်ငံတော်က တည်ဆောက်ထားတဲ့ လမ်းတို့၊ တံတားတို့ အဆောက်အအုံတွေ၊ စက်ရုံအလုပ်ရုံတွေ၊ လျှပ်စစ်ဓာတ်ပေးဝေရေး လုပ်ငန်းတွေ၊ ဆက်သွယ်ရေးလုပ်ငန်း ဒါတွေလည်းနိုင်ငံတော်ရဲ့ဆုံးရှုံးသွားတာပဲ၊ ခင်ဗျားတို့လည်း ခင်ဗျားတို့ ပိုင်ဆိုင်မှုတွေ ဆုံးရှုံးသွားတာပဲ၊** ခုနက ကျွန်တော်မေးတယ်။ ဘာတွေရခဲ့လဲဆိုတော့ အဝတ်တစ်ထည် ကိုယ်တစ်ခုတည်းလို့ ဖြေတဲ့သူလည်းပါတယ်၊ တချို့လည်း ရတဲ့ဟာတွေ ကောက်ဆွဲလာရတာတွေပါတယ်။ တချို့လည်း နောက်ဆုံးတော့ သွားနေကျ ဈေးခြင်းလေးပါလာတယ်။ ဘာပစ္စည်းမှ မပါဘူး။ လူက အဲအချိန်မှာ ထူပူနေကြပြီကိုး။ ဆွဲမိဆွဲရာ ဆွဲလာတာပေါ့။ တော်သေးတယ်။ ကလေးတွေ ပါလာလို့။ ကျွန်တော်တို့ ဟိုဘက်မှာဆို ကလေးတွေပါသွားတာ ရှိပါတယ်။ စိတ်လည်းမကောင်းပါဘူး။ အတတ်နိုင်ဆုံးခင်ဗျားတို့ မူလအခြေအနေ အတိုင်းဖြစ်အောင်တော့ ကျွန်တော်တို့ ကူညီပေးပါမယ်။ သေဆုံးမှုအတွက်လည်း လူမှုဝန်ထမ်းဝန်ကြီးဌာနကနေပြီးတော့ လျော်ကြေးတွေပေးတယ်။ နောက်ဒဏ်ရာရတဲ့သူတွေကိုလည်း၊ နောက်တစ်ခါ ဆေးကုသမှုအတွက် ထောက်ပံ့ကြေးတွေပေးသလို၊ ပျက်စီးသွားတဲ့ အဆောက်အအုံတွေအတွက်လည်း အခုကျွန်တော်တို့ တွက်နေပါတယ်။ လုံးဝပျက်သွားတဲ့အိမ်တွေဆိုရင် ဘယ်လိုပေးမလဲ၊ တစ်စိတ်တစ်ပိုင်း ပျက်သွားတဲ့ အိမ်တွေဆိုရင် ဘယ်လိုပေးမလဲ၊ လုံးဝပျက်သွားတဲ့ အိမ်မှာမှ တဲဆိုရင် ဘယ်လောက်ပေးမလဲ၊ ရိုးရိုးအိမ်ဆိုရင် ဘယ်လောက်ပေးမလဲ၊ တစ်ထပ်အိမ်ဆိုရင် ဘယ်လောက်ပေးမလဲ၊ နှစ်ထပ်အိမ်ဆိုရင် ဘယ်လောက်ပေးမလဲ၊ တတ်နိုင်သလောက် ကျွန်တော်တို့ ပေးပါမယ်။ ဖြစ်နိုင်သလောက် ဒေသနဲ့ ကိုက်ညီတဲ့ဟာမျိုးတော့ ကျွန်တော်တို့ စဉ်းစားပါတယ်။ နောက် ကျောင်းနဲ့ပတ်သက်တာပေါ့။ ဒီလကုန်အထိ ကျောင်းတွေဖွင့်ဖို့ ကြိုးစားနေပါတယ်။ အကြောင်းကြောင်း ကြောင့် ကျောင်းတွေ ပိတ်ရတယ်ဆိုရင်လည်း စနေ၊ တနင်္ဂနွေမှာ

စာမျက်နှာ ၄ သို့ ✻

* စာမျက်နှာ ၃ မှ

အစားထိုးပြန်တက်ဖို့၊ သီတင်းကျွတ်ပြီးသွားရင်တော့ စနေ၊ တနင်္ဂနွေဖြစ်မှာပါ၊ ဝါမကျွတ်ခင်ကတော့ တနင်္ဂနွေပိတ်ရက်ရှိတယ်၊ ဒီတနင်္ဂနွေပိတ်ရက်ကိုတော့ ကလေးတွေ ကျောင်းတက်ကောင်း တက်ရလိမ့်မယ်၊ သို့သော် စာမေးပွဲဖြေရမယ့် အချိန်မှာ သူသင်ပြီးတဲ့ ဘာသာရပ်အတိုင်းပဲ ကျွန်တော်တို့ စာမေးပွဲစစ်ပေးပါမယ်၊ ကျန်တဲ့အချိန်တွေမှာတော့ ကျောင်းတော့ ပြန်တက်ရမယ်လို့ သဘာဝဘေးအန္တရာယ်ကြောင့် ပိတ်ထားရတဲ့ ကျောင်းတွေကို ဒီလိုစီစဉ်ထားပါတယ်၊ ဒါကြောင့် ခင်ဗျားတို့ ကျောင်းတွေလည်း ကလေးတွေ ပြန်လွှတ်ပေးဖို့ ပြောလိုပါတယ်၊ ပြန်လွှတ်ပေးပါ၊ စာတတ်လို့ရှိရင်၊ ပညာတတ်လို့ရှိရင် နောင်တစ်ချိန်အတွက်၊ သူတို့ဘဝအတွက် အများကြီး အထောက်အကူရတယ်၊ မဟုတ်ဘူးဆိုရင်တော့ တစ်ချိန်မှာ အခက်အခဲ ဖြစ်လာနိုင်တယ်၊ ခင်ဗျားတို့၊ ကျွန်တော်တို့ လူကြီးတွေကတော့ ပညာသင်ကြားလို့ မရတော့ဘူး၊ ခင်ဗျားတို့ ကျွန်တော်တို့ဖြတ်သန်းခဲ့တဲ့ လမ်းကြောင်းအတိုင်းပဲ လက်ရှိအခြေအနေမှာ **ကျွန်တော်တို့ရှိတယ်၊ နောင်ကျလို့ရှိရင် ကျွန်တော်တို့ကလေးတွေက ကျွန်တော်တို့ထက် သာအောင် လုပ်ပေးရမယ်၊ ကျွန်တော်တို့ ခေတ်ထက်သာအောင် လုပ်ပေးရမယ်၊ ဒါတကယ် မိဘပီသပါတယ်။"**

ယင်းနောက် ရေဘေးသင့်ပြည်သူများအား သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံကျော်လွှား၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အားပေးစကားပြောကြားရာတွင် **"လက်ရှိအချိန် အခြေအနေမှာတော့ ဒုက္ခသုက္ခရောက်နေတာကိုတော့ ကိုယ်ချင်းစာပါတယ်၊ စိတ်လည်းမကောင်းပါဘူး၊ ကျွန်တော်တို့ တတ်နိုင်သလောက် နိုင်ငံတော်ပိုင်းကလည်း လုပ်ပေးပါမယ်၊ ကျွန်တော်**တို့နိုင်ငံတင် မဟုတ်ပါဘူး၊ ကျွန်တော်တို့ အာရှတင်ပဲလားဆိုတော့ မဟုတ်ဘူး၊ ဟိုဥရောပနိုင်ငံတွေလည်း ရေကြီးနေကြတာပဲ၊ သဘာဝကြီးက ဖြစ်လာတာဖြစ်ပါတယ်၊ သဘာဝဘေးအန္တရာယ် တစ်ကမ္ဘာလုံးမှာ ဖြစ်နေကြတာဖြစ်တော့ ဒီအပေါ်မှာ ကျွန်တော်တို့က ကြံ့ကြံ့ခံပြီးတော့မှ လူထုရဲ့ကြံ့စည်မှုနဲ့၊ လုံ့လ၊ ဝီရိယနဲ့ အားထုတ်သွားမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ကျော်လွှားလို့ရမယ်ဆိုတာလေး ပြောချင်ပါတယ်၊ ဒီအတွက် မလျှော့တဲ့ ဇွဲလုံ့လနဲ့ ဆက်ပြီးလုပ်သွားကြဖို့လည်း အားမွေးသွားကြဖို့လည်း ပြောလိုပါတယ်၊ ဒီမှာ အားမွေးသွားကြပါ၊ ပြန်ရောက်လို့ရှိရင်လည်း ထိုက်သင့်တဲ့ နေဖို့ထိုင်ဖို့ စားဖို့သောက်ဖို့ ကျွန်တော်တို့ ထောက်ပံ့ပေးပါမယ်၊ ကျွန်တော် ပြီးပြီးရော မလွှတ်ပါဘူး၊ အကုန်လုံးစီစဉ်ပေးပါမယ်။"

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာ ပစ္စည်းများကိုပေးအပ်ရာ ရေဘေးသင့်ပြည်သူများ ကိုယ်စား ကိုယ်စားလှယ်များက လက်ခံရယူသည်။

ထို့နောက် ကောင်စီတွဲဖက် အတွင်းရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများက ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေး ပစ္စည်းများနှင့် စားသောက်ဖွယ်ရာ ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ရေဘေးသင့်ပြည်သူများ၏ အခက်အခဲများကို မေးမြန်းရာ ရေဘေးသင့်ပြည်သူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ယခုကဲ့သို့ မိမိတို့ ရေဘေးသင့် ပြည်သူများကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင်လာရောက် ထောက်ပံ့ပေးအပ်ပြီး အားပေးစကား ပြောကြားသည့်အတွက် အထူးပင် ကျေးဇူးတင် ဝမ်းမြောက်ရပါကြောင်း၊ ဆက်လက်ဆောင်ရွက်ပေးသွားမည့် အစီအမံများကို ကြားသိရသည့် အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ ယခု ရေဘေးရှောင် ကယ်ဆယ်ရေးစခန်း၌လည်း နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးကိစ္စများကို တာဝန်ရှိသူများ၏ စီစဉ်ပေးမှုကြောင့် အားလုံးအဆင်ပြေချောမွေ့မှုရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေဘေးသင့် ပြည်သူများအတွက် ကျန်းမာရေး ဝန်ကြီးဌာနက ကျန်းမာရေး စောင့်ရှောက်မှုဆေးခန်းဖွင့်လှစ်၍ ဆောင်ရွက်ပေးထားမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မင်္ဂလာဗျူဟာ သာသနာ့ဗိမာန် ညှိနှိုင်းခန်းမဆောင်၌ တာဝန်ရှိသူများအား တွေ့ဆုံ၍ ယခု ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို အမြန်ဆုံး စာရင်းကောက်ယူ၍ အချက်အလက်များ ပြုစုဆောင်ရွက်သွားရန်လိုကြောင်း၊ အိုးအိမ်များပျက်စီးမှုတွင် လုံးဝပြိုကျပျက်စီးဆုံးရှုံးခြင်း၊ တစ်စိတ်တစ်ပိုင်း ပျက်စီးဆုံးရှုံးခြင်း၊ တိုက်အိမ်၊ ပျဉ်ထောင်အိမ်၊ တဲအိမ် စသည်ဖြင့် ထိခိုက်ပျက်စီးမှုများအလိုက် ဆုံးရှုံးမှုတန်ဖိုးများကို အပိုင်းလိုက် သတ်မှတ်ကာ ပျက်စီးမှု ရာခိုင်နှုန်းအလိုက် ထောက်ပံ့မှုများ ပမာဏသတ်မှတ်ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ထိုနည်းတူ သေဆုံးခဲ့ရသူများအတွက်လည်း နိုင်ငံတော်အနေဖြင့် ငွေကြေးထောက်ပံ့ပေးခြင်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ ဝန်ကြီးဌာနအလိုက် ငွေကြေးထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကိုလည်း ထိခိုက်မှုအနည်းအများအလိုက် ထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထောက်ပံ့မှုများ ဆောင်ရွက် ပေးနိုင်ရေးအတွက် စာရင်း ကောက်ယူခြင်းများ၊ ငွေကြေး တွက်ချက်ခြင်းလုပ်ငန်းများကို မြန်မြန်ဆန်ဆန်ဖြင့် ဆောင်ရွက်သွားရန်လိုပြီး ထိခိုက်ခဲ့ရသူများကို အမြန်ဆုံးထောက်ပံ့ပေးအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရန် လိုကြောင်း။

ရေဘေးသင့် ပြည်သူများအတွက် စေတနာရှင်ပြည်သူများ၊ အဖွဲ့အစည်းများကလည်း မိမိတို့ တတ်နိုင်သည့်ဘက်မှ ကူညီပေးခြင်းများ၊ အစားအသောက် ထောက်ပံ့ ပေးအပ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်အနေဖြင့်လည်း ကျေးဇူးတင် ဝမ်းမြောက်မိပါကြောင်း၊ သို့သော်လည်း ရေဘေးသင့် ပြည်သူများအနေဖြင့် သွားလာမှုအနီးအဝေးအပေါ် မူတည်၍ ထောက်ပံ့ရေးပစ္စည်းများ ညီတူညီမျှရရှိမှုမရှိခြင်း၊ အစားအသောက်များ ထောက်ပံ့ရာတွင် အလှူရှင်များ များပြားကွဲပြားသည့်အတွက် တွဲဖက်၍ စားသုံးရန်မသင့်သည်များကို တွဲဖက်စားသုံးမိခြင်း၊ သယ်ယူပို့ဆောင်ရာတွင် သန့်ရှင်းမှုအားနည်းခြင်းတို့ကြောင့် အစာအဆိပ်သင့်မှုတို့သည်လည်း ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် ရေဘေးရှောင် ကယ်ဆယ်ရေး စခန်းများအလိုက် လာရောက်လှူဒါန်းမှုများကို စိစစ်ဆောင်ရွက်သွားရန်လိုပြီး ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့၍ ဆောင်ရွက်သွားရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးသွားမည်ဆိုပါက မလိုလားအပ်သော ထိခိုက်မှုများကို ကာကွယ်နိုင်မည်ဖြစ်ကြောင်းနှင့် စေတနာရှင်အလှူရှင်များကို နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသွားရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းအတွင်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်ညှိုခန်းမဆောင်၌ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။

**❂ သဘာဝဘေးအန္တရာယ် တစ်ကမ္ဘာလုံးမှာ ဖြစ်နေကြတာဖြစ်တော့ ဒီအပေါ်မှာ ကျွန်တော်တို့က ကြံ့ကြံ့ခံပြီးတော့မှ လူထုရဲ့ကြံ့စည်မှုနဲ့၊ လုံ့လ၊ ဝီရိယနဲ့ အားထုတ်သွားမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ကျော်လွှားလို့ရမယ်ဆိုတာလေး ပြောချင်ပါတယ်၊ ဒီအတွက် မလျှော့တဲ့ ဇွဲလုံ့လနဲ့ ဆက်ပြီးလုပ်သွားကြဖို့လည်း အားမွေးသွားကြဖို့လည်း ပြောလိုပါတယ်၊ ဒီမှာ အားမွေးသွားကြပါ၊ ပြန်ရောက်လို့ရှိရင်လည်း ထိုက်သင့်တဲ့နေဖို့ထိုင်ဖို့ စားဖို့သောက်ဖို့ ကျွန်တော်တို့ ထောက်ပံ့ပေးပါမယ်၊ ကျွန်တော်ပြီးပြီးရော မလွှတ်ပါဘူး၊ အကုန်လုံးစီစဉ်ပေးပါမယ်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းအတွင်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားစဉ်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေကြီးရေလျှံမှု သဘာဝဘေးဒဏ်ကြုံတွေ့ခဲ့ရသည့် တပ်ကုန်းတပ်နယ်အတွင်းရှိ တပ်ဌာနချုပ်များအား သွားရောက်ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များမှာကြား၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရေကြီးရေလျှံမှု သဘာဝဘေးဒဏ် ကြုံတွေ့ခဲ့ရသည့် တပ်ကုန်းတပ်နယ်အတွင်းရှိ တပ်ဌာနချုပ်များအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နယ်မြေခံတပ်ဌာနချုပ်တွင် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် နယ်မြေခံ တပ်ဌာနချုပ်ခန်းမ၌ အရာရှိ စစ်သည် မိသားစုများအား တွေ့ဆုံ၍ မမျှော်မှန်းနိုင်သော ရုတ်တရက် ဖြစ်ပေါ်လာသည့် သဘာဝဘေးဒဏ်ကို ကြုံတွေ့ခဲ့ရသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ အခက်အခဲများအား ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးတို့အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ မိုးရွာသွန်းမှုများ ဖြစ်ပေါ်မည်ဟု ကြိုတင်သတိပေးချက်များ ရှိခဲ့သော်လည်း ယခုအတိုင်းအတာအထိ မိုးသည်းထန်စွာ ရွာသွန်းမည်ဟု မှန်းဆမှုမရှိခဲ့ကြကြောင်း၊ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် တောင်ကုန်း တောင်တန်းများပေါ်မှ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့ပြီး ရေစီးဆင်းရာ လမ်းကြောင်းများတစ်လျှောက် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ သတ္တုတူးဖော်ရေး လုပ်ငန်းများကြောင့် တောင်ပြို၊ မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သကဲ့သို့ တရားဝင် ခွင့်ပြုပေးထားသည့် သစ်ကွင်းများမှ သယ်ယူနိုင်ခြင်း မရှိသေးသည့် သစ်လုံးကြီးများ၊ သစ်လုံးကြီးများ ထုတ်ယူရာတွင် ဖြတ်တောက်ထားသည့် ဖြတ်စများသည်လည်း တောင်ကျရေစီးကြောင်းများနှင့်အတူ မျောပါတိုက်စားခဲ့သောကြောင့် ထိခိုက်ပျက်စီးမှုများ ပိုမိုများပြားခဲ့ရခြင်းဖြစ်ကြောင်း၊ ထိခိုက်ပျက်စီးဆုံးရှုံးမှုများအတွက် လိုအပ်သည့် ထောက်ပံ့မှု များကိုလည်း ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

**စနစ်တကျ သုတေသနပြုလုပ်၍ ရွှေ့ပြောင်းဆောက်လုပ်**

တာဝန်ရှိသူများ အနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ရေကြီးရေလျှံမှုကြောင့် ပျက်စီးမှုများနှင့် ပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့သည့် လမ်းကြောင်းများ ရှင်းလင်းခြင်းကို ဦးစွာ ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ သွားလာရေးကိစ္စပြီးပါက ဒုတိယဦးစားပေးအနေဖြင့် ရေ၊ မီးများ ရရှိရေးကို ဆောင်ရွက် ပေးသွားရန်လိုပြီး ထိုမှတစ်ဆင့် အခြားပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ မိသားစုဝင်များ၏ နေရေး၊ စားရေး အဆင်ပြေစေရေးအတွက်လည်း စီမံပေးရမည်ဖြစ်ပြီး အခြေခံစားကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယခုဖြစ်စဉ်ကိုသင်ခန်းစာယူ၍ ရုတ်တရက် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာချိန်တွင် ရေလမ်းကြောင်းနှင့် မလွတ်ကင်းနိုင်သည့် အဆောက်အအုံများကို စနစ်တကျ သုတေသနပြုလုပ်၍ ရွှေ့ပြောင်းဆောက်လုပ်ခြင်းများ ဆောင်ရွက်ပေးသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၆ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နယ်မြေခံတပ် ဌာနချုပ်ဆေးခန်း၌ ဆေးကုသမှုခံယူလျက်ရှိသည့် စစ်သည်တစ်ဦးအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

■ စာမျက်နှာ ၅ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် စစ်သည်၊ မိသားစုများ၏ ရေကြီးရေလျှံမှု ကြုံတွေ့ခဲ့ရမှုများ၊ အခက်အခဲများကို မေးမြန်းကာ လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် အဝတ်အထည်များကို ထောက်ပံ့ပေးအပ်ရာ စစ်သည်၊ မိသားစုများက လက်ခံရယူကြသည်။

**အားပေးစကားပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရုတ်တရက် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နယ်မြေခံတပ်ဌာနချုပ်ဆေးခန်း၌ ဆေးကုသမှုခံယူလျက်ရှိသည့် စစ်သည်များအား သွားရောက်ကြည့်ရှု၍ ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နယ်မြေခံတပ်ဌာနချုပ်ရှိ အထက်တန်းကျောင်း၌ နုန်းများဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ တောင်ကျချောင်းရေများ အလုံးအရင်းဖြင့် စီးဆင်းခဲ့မှုကြောင့် ကျိုးကျပျက်စီးခဲ့သည့် မုန်ချောင်းကူး ကွန်ကရစ်တံတား ပျက်စီးမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရေစီးကြောင်းနှင့်အတူ သစ်ပင်သစ်လုံးကြီးများ၊ ကျောက်တုံးများ မျောပါခဲ့ပြီး အရှိန်အဟုန်ဖြင့် ရိုက်ခတ်ခဲ့မှုကြောင့် တံတားပျက်စီးခဲ့မှုများကို တင်ပြကြသည်။ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ မှာကြားကာ ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုသည်။



နယ်မြေခံတပ်ဌာနချုပ်ရှိ အထက်တန်းကျောင်းအဆောက်အအုံ ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် နယ်မြေခံတပ်ဌာနချုပ်၊ အိမ်ထောင်သည်လိုင်းခန်းများအတွင်း တောင်ကျချောင်းရေ ဝင်ရောက်ခဲ့မှုကြောင့် ပျက်စီးခဲ့မှု အခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့ပြီး ရေများ ပြန်လည်ကျဆင်းသွားသည့်အချိန်တွင် နုန်းတင်ကျန်ခဲ့သည့် အထက်တန်းကျောင်း၌ နုန်းများဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းတာဝန်ခံ ဆရာ ဆရာမများက ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့အခြေအနေများနှင့် သန့်ရှင်းရေး လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ကျောင်းပြန်လည်ဖွင့်လှစ်သင်ကြားပေးနိုင်ရေး အတွက် လိုအပ်သည်များကို အမြန်ဆုံး ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် လမ်း၊ တံတားနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူ များကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၈**

နေပြည်တော်ရှိ ရေဘေး ကယ်ဆယ်ရေး စခန်းများသို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က ဦးဆောင်၍ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(နေပြည်တော်)နှင့်ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)တို့ ပူးပေါင်းမှုဖြင့် နေပြည်တော်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

နေပြည်တော်ရှိ ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ရာတွင် နေပြည်တော် ပျဉ်းမနားမြို့ရှိ မင်္ဂလာဗျူဟာသာသနာ့ဗိမာန် ရေဘေးကယ်ဆယ်ရေးစခန်း၊ သုခစိုးဓမ္မာရုံ ရေဘေးကယ်ဆယ်ရေးစခန်း၊ အုန်းတောဘုန်းကြီးကျောင်း ရေဘေးကယ်ဆယ်ရေးစခန်း၊ လယ်တီဓမ္မာရုံ ရေဘေးကယ်ဆယ်ရေးစခန်းနှင့် ဘိုးမင်းခေါင်နတ်နန်း ရေဘေးကယ်ဆယ်ရေးစခန်းတို့သို့ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးဇော်ဇော်နိုင် (ဟိန္ဒူဘာသာ)၊ ဦးသောမတ်စ်(ခရစ်ယာန်ဘာသာ)၊ ဗဟိုအထောက်အကူပြုအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြသွေး၊ ဘဏ္ဍာရေးမှူး ဦးလှကြူနှင့်ဗဟိုအလုပ်အမှုဆောင်များ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)မှ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဝင်းမြင့်(ဗုဒ္ဓဘာသာ)၊ ဦးခင်မောင်မောင်ဇော် (အစ္စလာမ်ဘာသာ)၊ တိုင်းအတွင်းရေးမှူး ဦးရွှေမောင် (အစ္စလာမ်ဘာသာ) နှင့် တိုင်းအလုပ်အမှုဆောင်များ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (နေပြည်တော်)မှ အထွေထွေ အတွင်းရေးမှူး ဒေါက်တာ မင်းမင်းကျော်၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းမော်၊ အတွင်းရေးမှူးဒေါ်ဝတ်မှုံနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မရမ်းကုန်းခရိုင်ဥက္ကဋ္ဌ ဦးမျိုးဇေယျာနှင့် စေတနာရှင် အလှူရှင်များ၊ ပရဟိတအဖွဲ့များက ပေးအပ်လှူဒါန်းရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။



နေပြည်တော်ရှိ ရေဘေးသင့်ပြည်သူများအပြင် ကျောက်ဆည်နှင့် တောင်ငူဒေသရှိ ရေဘေးသင့်ပြည်သူများသို့လည်း ကူညီထောက်ပံ့ခဲ့ပြီး ငွေကျပ်သိန်း ၁၅၀ အပါအဝင် အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများ စုစုပေါင်း တန်ဖိုးငွေကျပ် သိန်းပေါင်း ၁၁၀၀ ကို ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ရာဂီမုန်တိုင်းနှင့်ဆက်စပ်၍ ရေဘေးများဖြစ်ပွားလျက်ရှိရာ ရေဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများအား ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay QR Code နံပါတ် 70157401001 သို့လည်းကောင်း၊ KBZ Pay QR ကို Scan ဖတ်၍လည်းကောင်း၊ CB Pay၊ OK$ နှင့် AYA Pay များ၏ QR ကို Scan ဖတ်၍လည်းကောင်း၊ Wave Money ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂) နှင့် (၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း၊ Wave Money QR များကို Scan ဖတ်၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။




\\server2\e\npe\18-9-2024\01\036\Announcement(18-9-24)Final.docx

၃။ ဘဏ်များမှလှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း(Account Transfer)နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ နိုင်ငံခြားငွေဖြင့်လှူဒါန်းလိုပါက မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့တွင် ငွေစာရင်းအမှတ် (0111284000000063)ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-

- SWIFT CODE/BIC – MFTBMMMY
- Beneficiary Name – Natural Disaster Management Fund
- Beneficiary A/C No – 0111284000000063 သို့ လှူဒါန်းနိုင်ပါသည်။

၅။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့်လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ်(EDN-600018)သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-

- SWIFT CODE – MYEBMMMY
- Beneficiary Name – Natural Disaster Management Fund
- Beneficiary A/C No – EDN-600018 သို့ လှူဒါန်းနိုင်ပါသည်။

၆။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး | ဦးသန်းစိုး | ဦးအေးမင်းသူ |
| ညွှန်ကြားရေးမှူးချုပ် | ညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| ၀၆၇-၃၄၀၄၀၅၀ | ရန်ကုန်တိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး |
| ၀၉-၂၀၂၁၄၉၁ | ဦးစီးမှူးရုံး | ဦးစီးမှူးရုံး |
| ဦးဝင်းရွှေ | ၀၉-၂၅၀၁၂၃၈၈၅ | ၀၉-၄၂၀၇၀၈၈၂၇ |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၉-၄၂၀၇၄၀၁၆၀ | |
| ၀၆၇-၃၄၀၄၀၄၈ | ဒေါ်သန်းသန်းဝင်း | ဒေါ်သက်သက်အေး |
| ၀၉-၂၅၄၁၇၀၀၁ | ဒုတိယညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |
| ဒေါ်ဖြူဖြူဝင်း၊ညွှန်ကြားရေးမှူး | ရန်ကုန်တိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး |
| ၀၆၇-၃၄၀၄၃၁၆ | ဦးစီးမှူးရုံး | ဦးစီးမှူးရုံး |
| ၀၉-၄၃၀၅၄၈၄၄ | ၀၉-၄၂၀၇၄၀၁၆၀ | ၀၉-၄၀၀၅၀၂၀၅၆ |

၇။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅)လမ်း၊ ၃၄ x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## (၂၁)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေးသို့ ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၈**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၂၁) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး (21st ASEAN Air Chiefs Conference– 21st AACC)သို့ တက်ရောက်ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံ Siem Reap မြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ကမ္ဘောဒီးယားလေတပ်ဦးစီးချုပ် General Soeung Samnang၊ မွန်းလွဲပိုင်းတွင် ထိုင်းလေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့် လာအိုလေတပ်ဦးစီးချုပ် (ကိုယ်စား) လာအိုလေတပ်နိုင်ငံရေးမှူး Brigadier General Bounma CHANTHAVONGSA တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံလေတပ်များအကြား ပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးဆိုင်ရာ လေ့ကျင့်ခန်းများပူးပေါင်းဆောင်ရွက်နိုင်ရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် နှစ်နိုင်ငံလေတပ်များအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ ညနေပိုင်းတွင် အာဆီယံလေတပ်ဦးစီးချုပ်များနှင့်ဇနီးများ ရောက်ရှိခြင်းအထိမ်းအမှတ် ကမ္ဘောဒီးယားလေတပ်ဦးစီးချုပ်နှင့်ဇနီးက တည်ခင်းဧည့်ခံသော Apsara ညစာစားပွဲသို့ တက်ရောက်သည်။




ယင်းနောက် ကာကွယ်ရေးဦးစီးချုပ် (လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် Siem Reap မြို့ရှိ Sokha Siem Reap Resorts & Convention Center ၌ ကျင်းပပြုလုပ်သော (၂၁) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး (21st ASEAN Air Chiefs Conference– 21st AACC)သို့ တက်ရောက်ကြသည်။ အာဆီယံလေတပ်ဦးစီးချုပ်များက "Enhancing Information Sharing and Cohesive Cooperation Among ASEAN Air Forces For Peace and Development" ခေါင်းစဉ်အား အသီးသီးဆွေးနွေးကြသည်။ ထို့နောက် အစည်းအဝေး သဘောတူဆုံးဖြတ်ချက်များ အတည်ပြုလက်မှတ်ရေးထိုးကြသည်။

**တက်ရောက်**

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက် ညပိုင်းတွင် ကမ္ဘောဒီးယားလေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံလေတပ်ဦးစီးချုပ်များနှင့်အတူ တက်ရောက်ခဲ့သည်။

ကာကွယ်ရေးဦးစီးချုပ် (လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မော်တော်ယာဉ်မတော်တဆမှုဖြစ်စဉ်ကယ်ဆယ်ရေးသင်တန်း သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ မော်တော်ယာဉ်မတော်တဆမှုဖြစ်စဉ် ကယ်ဆယ်ရေးသင်တန်း (Road Traffic Accident–Vehicle Extrication) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ်တွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် နေပြည်တော်ကောင်စီဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများ၊ မီးသတ်ဦးစီးဌာနမှ အရာရှိများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။





နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် မော်တော်ယာဉ်မတော်တဆမှုဖြစ်စဉ် ကယ်ဆယ်ရေးသင်တန်းဆင်းပွဲတွင် အသင်းလိုက်ကယ်ဆယ်ခြင်း ပြိုင်ပွဲများကျင်းပနေမှုအား ကြည့်ရှုအားပေးစဉ်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံတစ်ဝန်း၌ ဖြစ်ပွားကြုံတွေ့ရလေ့ရှိသည့် မော်တော်ယာဉ်တိမ်းမှောက်ထိခိုက်မှုပုံစံတစ်ခုချင်းစီအလိုက် ဖြစ်စဉ်ဖွင့်၍ အသင်းလိုက်ကယ်ဆယ်ခြင်း စွမ်းရည်ပြိုင်ပွဲများ ကျင်းပရာ သင်တန်းသားများ အဖွဲ့လိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရအသင်းနှင့် သင်တန်းသားတပ်ဖွဲ့ဝင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဆုများချီးမြှင့်ပေးအပ်သည်။

အဆိုပါသင်တန်းကို ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဇမ္ဗူသီရိမြို့နယ် မီးသတ်စခန်း၌ စက်တင်ဘာ ၂ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အထူးရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ တပ်ဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များနှင့် ရန်ကုန်–မန္တလေးအမြန်လမ်းနယ်မြေ မီးသတ်စခန်းများမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ စုစုပေါင်း သင်တန်းသား ၅၂ ဦး တက်ရောက်ခဲ့ကြောင်းနှင့် အဆိုပါသင်တန်းဖွင့်လှစ်ခဲ့ခြင်းကြောင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း စွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာကာ မော်တော်ယာဉ် မတော်တဆမှုဖြစ်စဉ်များတွင် အချိန်နှင့်တစ်ပြေးညီ ပိုမိုထိရောက်လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး မော်တော်ယာဉ် မတော်တဆမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် လူနာများအား ဆေးရုံ/ဆေးခန်းများသို့ အချိန်မီ ပို့ဆောင်နိုင်မည်ဖြစ်ကာ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများ လျော့နည်းကျဆင်းစေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၅)ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆု ချီးမြှင့်ပွဲနှင့် ဆက်စပ်အခမ်းအနားများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၈**

စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် စက်တင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ကွန်ရက်ဆုချီးမြှင့်ပွဲနှင့် ဆက်စပ်အခမ်းအနားများသို့ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။





စက်တင်ဘာ ၁၁ ရက်က မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံ Marina Bay Sands ရှိ Sands Expo & Convention Centre ၌ ကျင်းပခဲ့သည့် (၅) ကြိမ်မြောက် အာဆီယံ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆုချီးမြှင့်ပွဲအခမ်းအနား၊ (၁၁)ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ညီလာခံနှင့် Singapore WSH Conference 2024 တို့သို့ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဆုရရှိသည့် ကုမ္ပဏီများနှင့် စင်ကာပူနိုင်ငံမှ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်လျက် ရှိသူများနှင့်အတူ တက်ရောက်ခဲ့ကြသည်။

စက်တင်ဘာ ၁၂ ရက်က စင်ကာပူနိုင်ငံ Furama City Center ၌ ကျင်းပသည့် Policy Dialogue on Harnessing the Potential of Global Supply Chains to Improve OSH In ASEAN အခမ်းအနားသို့လည်းကောင်း၊ စက်တင်ဘာ ၁၃ ရက်က (၂၅)ကြိမ်မြောက် အာဆီယံ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးများသို့လည်းကောင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၊ ASEAN–OSHNET အတွင်းရေးမှူးချုပ်ရုံးနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

(၅)ကြိမ်မြောက် အာဆီယံ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆု ချီးမြှင့်ပွဲအခမ်းအနား (5th ASEAN–OSHNET Awards Ceremony) တွင် အာဆီယံနိုင်ငံများရှိ ကုမ္ပဏီများအား လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ထူးခြားစွမ်းဆောင်ဆု (ASEAN–OSHNET Excellence Award) နှင့် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ကောင်းမွန်သည့် အလေ့အထကျင့်စဉ် စွမ်းဆောင်ဆု (ASEAN–OSHNET Best Practices Award) များကို ပေးအပ်ချီးမြှင့်ခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ASEAN–OSHNET Excellence Award ကို Dagon Beverages Company Limited က လည်းကောင်း၊ ASEAN–OSHNET Best Practices Award ကို Myanmar C.P Livestock Co., Ltd ကလည်းကောင်း ရရှိခဲ့ကြပြီး ကိုယ်စားလှယ်များက ဆုများကို လက်ခံရယူခဲ့ကြသည်။

အဆိုပါ အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကွန်ရက်ဆုကို ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်နှစ်လျှင် တစ်ကြိမ် ပေးအပ်ချီးမြှင့်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ကြောင်း၊ ဆုများရွေးချယ်ရာတွင် အလုပ်သမားဝန်ကြီးဌာနမှ ဦးဆောင်၍ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြင်ပကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် ဆုရွေးချယ်ရေးအဖွဲ့ဖြင့် ASEAN–OSHNET မှ သတ်မှတ်ထားသည့် စံချိန်စံနှုန်းများနှင့်အညီ ရွေးချယ်ခြင်းဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်မှစတင်၍ လက်ရှိအချိန်အထိ Excellence Award ဆုရ စက်ရုံငါးရုံနှင့် Best Practices Award ဆုရ စက်ရုံငါးရုံ စုစုပေါင်းစက်ရုံ ၁၀ ရုံ ရရှိပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ဆန္ဒာမုနိဘုရားဝင်းအတွင်း၌ စက်တင်ဘာ ၁၇ ရက်က ချမ်းမြသာစည်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းကျော်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးခင်မောင်ဦး၊ နယ်ထိန်းအရာရှိ ဒုရဲအုပ်ကျော်သူမင်းနှင့် ရဲတပ်ဖွဲ့ဝင်များက သစ်ကိုင်းများ၊ အမှိုက်များ၊ သစ်ရွက်ခြောက်များ ဖယ်ရှားရှင်းလင်းခြင်း၊ ဘုရားရင်ပြင်တွင် တံမြက်စည်းလှည်းခြင်းများဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။

ရဲပြန်ကြား



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုနိုင် ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူး မြတ်မင်းသူနှင့် တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၈ ရက်တွင် အမှတ် (၅) ရပ်ကွက်ရှိ ရှင်ဥပဂုတ္တကန် သန့်ရှင်းသာယာရေးအတွက် ပေါင်းမြက်များ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

သန်းထွန်းအောင်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၅၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်




ဗီယင်ကျန်း စက်တင်ဘာ ၁၈

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် (၅၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်သည်။

## ဆွေးနွေးညှိနှိုင်း

ပြည်ထောင်စု ဝန်ကြီးသည် စက်တင်ဘာ ၁၆ ရက်နံနက်ပိုင်းတွင် (၃၈)ကြိမ်မြောက် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် ဝန်ကြီးများက အာဆီယံနိုင်ငံများအကြား ဆောင်ရွက်လျက်ရှိသည့် အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုအရ ပင်ရင်းဒေသစည်းမျဉ်း၊ ကုန်စည်များလွယ်ကူချောမွေ့စေရေး၊ လူ၊ အပင်နှင့် တိရစ္ဆာန်များ ရောဂါပိုးမွှားကင်းစင်ရေး၊ စံချိန်စံညွှန်းနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးနှင့် အကောက်ခွန်ပေါင်းစည်းရေးဆိုင်ရာ ကိစ္စရပ်များတွင် အာဆီယံနိုင်ငံများ အကြား ပူးပေါင်း ဆောင်ရွက်မှုများကို ဆွေးနွေး ညှိနှိုင်းခဲ့ကြသည့်အပြင် ၂၀၂၅ ခုနှစ်တွင် အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်း အပြီးသတ်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန် ဝန်ကြီးများက ကုန်စည်ကုန်သွယ်ရေးညှိနှိုင်းမှုကော်မတီနှင့် လုပ်ငန်းအဖွဲ့များကို လမ်းညွှန်ခဲ့သည်။

မွန်းလွဲပိုင်းတွင် (၂၇)ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသကောင်စီ အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် ဝန်ကြီးများက အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသ အကောင်အထည်ဖော်မှုအရ ဆောင်ရွက်လျက်ရှိသည့် အာဆီယံ စဉ်ဆက်မပြတ်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လမ်းညွှန်ချက်များ ရေးဆွဲခြင်း၊ ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အစီအစဉ်များ ဆောင်ရွက်ခြင်း၊ အာဆီယံရင်းနှီးမြှုပ်နှံမှု အစီရင်ခံစာ ရေးသားပြုစုထုတ်ဝေခြင်း၊ အာဆီယံရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပခြင်းနှင့် အာဆီယံဒေသတွင်း ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

ထို့ပြင် ကောင်စီအစည်းအဝေးနှင့် တစ်ဆက်တည်းပြုလုပ်သည့် အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် ပဉ္စမအခြေပြစာချုပ် လက်မှတ်ရေးထိုးပွဲတွင် မြန်မာနိုင်ငံကိုယ်စား ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ အခြေပြစာချုပ်သည် အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် ပထမအခြေပြစာချုပ်နှင့် လက်ရှိ ပဉ္စမအခြေပြစာချုပ်မူကြမ်းအထိ ပြင်ဆင်ချက်များ အားလုံးအပါအဝင် ခေါင်းစီးမှတ်စု၊ ပူးတွဲများနှင့်အတူ စုစည်းပြင်ဆင်ထားခြင်းဖြစ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေး အကြံပေးကောင်စီတို့၏ ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲတွင် အာဆီယံစီးပွားရေးအကြံပေးကောင်စီက ၂၀၂၄ ခုနှစ်အတွင်း ပုဂ္ဂလိကကဏ္ဍက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို တင်ပြခဲ့ရာ ဝန်ကြီးများက အနာဂတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများတွင် ပုဂ္ဂလိကအခန်းကဏ္ဍက ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို လမ်းညွှန်ခဲ့ပြီး အစိုးရ-ပုဂ္ဂလိက ချိတ်ဆက်ဆောင်ရွက်မှု ယန္တရားဆိုင်ရာ အကြံပြုချက်စာတမ်းကို အတည်ပြုခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် စက်တင်ဘာ ၁၇ ရက်တွင် (၅၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ အာဆီယံစီးပွားရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် ဝန်ကြီးများက လာအိုနိုင်ငံ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူနေသည့် ၂၀၂၄ ခုနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများ၏ အကောင်အထည်ဖော်မှုအခြေအနေ၊ အာဆီယံ ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်ချိတ်ဆက်မှုဆိုင်ရာ အာဆီယံ ကြေညာချက်နှင့် ဉာဏမူပိုင်ခွင့် ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ အာဆီယံမူဘောင် သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းအတွက် အကြံပြုချက်များကို မှတ်တမ်းတင်ခဲ့သည်။

## အတည်ပြု

ထို့ပြင် အာဆီယံဒေသတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း မူဝါဒများကို စံပြုရန်အတွက် အာဆီယံ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း မူဝါဒပိုင်းဆိုင်ရာ ညွှန်းကိန်းများနှင့် အာဆီယံတွင် အားလုံးပါဝင်သော စီးပွားရေးအသိအမှတ်ပြုမှု စနစ်မူဘောင်တို့ကိုလည်း အတည်ပြုခဲ့သည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ အာဆီယံ ဒစ်ဂျစ်တယ်စီးပွားရေး မူဘောင်သဘောတူစာချုပ် စေ့စပ်ညှိနှိုင်းမှု၏ အကောင်အထည်ဖော်မှု အခြေအနေကို မှတ်တမ်းတင်ခဲ့ပြီး ယင်းစေ့စပ်ညှိနှိုင်းမှုများ ၂၀၂၅ ခုနှစ်တွင် အချိန်မီအပြီးသတ်နိုင်ရေး လိုအပ်သည်များကို လမ်းညွှန်ခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် စက်တင်ဘာ ၁၈ ရက်နံနက်ပိုင်းတွင် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ကမ္ဘာ့ဉာဏမူပိုင်ခွင့်အဖွဲ့ ညွှန်ကြားရေးမှူးချုပ်တို့၏ မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် အာဆီယံနှင့် ကမ္ဘာ့ဉာဏမူပိုင်ခွင့်အဖွဲ့တို့အကြား ဆောင်ရွက်နေသည့် ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ အာဆီယံဒေသတွင်း ၂၀၄၅ တွင် ပြည်သူဗဟိုပြုတီထွင်ဆန်းသစ်မှုများဖြင့် ဖွံ့ဖြိုးတိုးတက်မှု အသွင်ပြောင်းလဲရေးနှင့် အာဆီယံနှင့် ကမ္ဘာ့ဉာဏမူပိုင်ခွင့်အဖွဲ့တို့အကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအရ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ အရှိန်မြှင့်တင်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် (၁၆)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်(စီအယ်လ်အမ်ဗွီ) စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် ဝန်ကြီးများက စီအယ်လ်အမ်ဗွီလုပ်ငန်းအစီအစဉ် ၂၀၂၃-၂၀၂၄ ပါ လုပ်ငန်းများ အကောင်အထည်ဖော်မှုကို မှတ်တမ်းတင်ခဲ့ပြီး စီအယ်လ်အမ်ဗွီ လုပ်ငန်းအစီအစဉ် ၂၀၂၅-၂၀၂၆ ကို ပုံသေမထားဘဲ လိုအပ်သလို ပြင်ဆင်မွမ်းမံသွားမည့် အစီအစဉ်တစ်ခုအဖြစ် အတည်ပြု၍ လုပ်ငန်းများ ထပ်မံဖြည့်စွက်ရန်အတွက် အဆင့်မြင့်စီးပွားရေး အရာရှိများအား တာဝန်ပေးအပ်ခဲ့သည်။

ထို့ပြင် ဝန်ကြီးများက စီအယ်လ်အမ်ဗွီနိုင်ငံများအား ၂၀၃၀ ပြည့်နှစ်တွင် ရေရှည်တည်တံ့သော အလယ်အလတ် အထက်အဆင့် ဝင်ငွေရှိသည့် နိုင်ငံများအဖြစ် ရပ်တည်နိုင်ရန် အထောက်အပံ့ပေးမည့် စီအယ်လ်အမ်ဗွီဖွံ့ဖြိုးတိုးတက်မှုမူဘောင် ၂၀၂၀-၂၀၃၀ အကောင်အထည်ဖော်မှု ၏ လုပ်ငန်းအစီအစဉ် ရေးဆွဲရေးအတွက် ကမ္ဘောဒီးယားနိုင်ငံက အဆိုပြုထားသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရန်နှင့် မူဘောင်ကိုအကောင်အထည်ဖော်ရန် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် ဆွေးနွေးညှိနှိုင်းခဲ့သည်။

အဆိုပါ အစည်းအဝေးများတွင် လာအိုနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Malaithong Kommasith သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီဝန်ကြီးများ၊ အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသ ကောင်စီဝန်ကြီးများ၊ စီအယ်လ်အမ်ဗွီ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၊ အာဆီယံ စီးပွားရေးအကြံပေး ကောင်စီ အဖွဲ့ဝင်များနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စု ဝန်ကြီးသည် အာဆီယံ စီးပွားရေးဝန်ကြီးများနှင့်အတူ အီးယူကုန်သွယ်ရေးကော်မရှင်၊ ရုရှား၊ ဆွစ်ဇာလန်၊ ဗြိတိန်၊ ဟောင်ကောင် (တရုတ်)၊ အမေရိကန်၊ အိန္ဒိယ၊ ကနေဒါ၊ ဩစတြေးလျ၊ နယူးဇီလန်၊ အရှေ့အာရှ၊ ဂျပန်၊ တရုတ်၊ ကိုရီးယား အပေါင်းသုံး စီးပွားရေးဝန်ကြီးများ အစည်းအဝေးများနှင့် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးများအစည်းအဝေးသို့ ဆက်လက်တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက ခန္တီးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်ထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဉာဏ်မြင့်တို့ ဦးဆောင်၍ နယ်မြေခံရဲတပ်ဖွဲ့နှင့် လေကြောင်းရဲတပ်ဖွဲ့ဝင်အင်အား ၄၀ တို့က ခန္တီးမြို့ ဇီးဖြူကုန်းရပ်ကွက်ရှိ ခရိုင်ပြည်သူ့ဆေးရုံဝင်းအတွင်း သစ်ပင်ချုံနွယ်များနှင့် အမှိုက်များအား ခုတ်ထွင်ရှင်းလင်းစဉ်။

ခရိုင်(ပြန်/ဆက်)



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၈ ရက်တွင် မအူပင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးလွင် ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းအေးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့မိသားစုဝင်များ ပူးပေါင်း၍ မအူပင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်သရိုက်များ ရှင်းလင်းခြင်းတို့ ဆောင်ရွက်စဉ်။

ပြည့်ဖြိုးကျော်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ မော်စကိုမြို့ရှိ ရှေးဟောင်းပြတိုက်၊ ရင်ပြင်နီနှင့် အထင်ကရနေရာများ ကြည့်ရှုလေ့လာ၊ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၈**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်အဖွဲ့သည် BRICS Media Summit သို့ တက်ရောက်ရန် မော်စကိုမြို့၌ ရောက်ရှိနေကြသည့်မီဒီယာဆိုင်ရာကိုယ်စားလှယ်များနှင့်အတူ စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ အထင်ကရနေရာများဖြစ်သော ကရင်မလင်နန်းတော်နှင့် ရှေးဟောင်းပြတိုက်များ၊ အညတရသူရဲကောင်းတစ်ဦး၏ ဂူဗိမာန်၊ ရင်ပြင်နီ၊ ဗာစီလီး ဘလာရမ်းနီရီ ဘုရားကျောင်း၊ ဘာသာရေးဆိုင်ရာ အဓိကဘုရားကျောင်းနေရာများသို့ သွားရောက်ပြီး ကြည့်ရှုလေ့လာကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ မော်စကိုမြို့ရှိ ရှေးဟောင်းပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။

မော်စကိုမြို့သည် Moskva မြစ်ပေါ်တွင် တည်ရှိပြီး လူဦးရေ ၁၃ သန်းကျော် နေထိုင်ကြောင်း သိရသည်။ မော်စကိုမြို့သည် ကမ္ဘာပေါ်ရှိ အကြီးဆုံးမြို့များထဲမှ တစ်မြို့ဖြစ်ပြီး မြို့အမည်မှာ Moskva မြစ်မှ ဆင်းသက်လာခြင်း ဖြစ်သည်။

၁၁၅၆ ခုနှစ်တွင် ရုရှားမင်းသားကြီး ယူရီးရီ ဒေါ်လဂါရုကီးရီက ပထမဆုံးခံတပ်ကို ဘာရောဗြီစကီးရီ(မှို) တောင်ကုန်းပေါ်၌ တည်ဆောက်ခဲ့ပြီး ၁၆ ရာစုနှစ်များတွင် ထိုခံတပ်သည် ကရင်မလင်(နန်းတော်)အဖြစ် ပြောင်းလဲလာခဲ့ကြောင်း သိရသည်။ မင်းသားကြီး ယူရီးရီ ဒေါ်လဂါရုကီးရီက မော်စကိုမြို့ကို တည်ဆောက်ခဲ့သည်ဟု အသိအမှတ်ပြုကြပြီး ရင်ပြင်နီမှာ ၁၅ ရာစုတွင် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က တော့ရက် (ဈေး)ဟု ခေါ်ခဲ့ရာမှ ဖြည်းဖြည်းချင်း တော့ရက်သည် မြို့တော်၏ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ ကိစ္စများအတွက် အချက်အချာနေရာ ဖြစ်လာခဲ့သည်။ သတင်းများ သိရှိနိုင်ရန်၊ ရှင်ဘုရင်၏အမိန့်များကို ကြားသိနိုင်ရန် အတွက် လူများက ထိုနေရာသို့ သွားခဲ့ကြခြင်းဖြစ်သည်။ ၎င်းနေရာ၌ ရောင်းဝယ်ဖောက်ကားမှုများက အမြဲတမ်းဖြစ်နေခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ မော်စကိုမြို့ရှိ ရင်ပြင်နီတွင် ကြည့်ရှုလေ့လာစဉ်။

ဗာစီလီး ဘလာရမ်းနီရီ ဘုရားရှိခိုးကျောင်းသည် ရင်ပြင်နီကို အဓိက အလှဆင်ထားသည်။ ထိုဘုရားကျောင်းကို ၁၅၆၁ ခုနှစ်က တည်ဆောက်ခဲ့ကြောင်း သိရသည်။ ၁၈၁၂ ခုနှစ်တွင် နပိုလီယံ၏ တပ်များကို အောင်နိုင်သည့် အထိမ်းအမှတ်အဖြစ် အများပြည်သူတို့၏ လှူဒါန်းငွေများဖြင့် တည်ဆောက်ခဲ့သော ခရစ်စထ်စပါးစီးကျေးလ် (ကယ်တင်ရှင်ခရစ်တော်) ဘုရားရှိခိုးကျောင်းမှာလည်း စိတ်ဝင်စားစရာ သမိုင်းကြောင်းရှိသည်။ ၁၈၃၇ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၁၈၈၃ ခုနှစ်တွင်ပြီးစီးကာ ဘုရားကျောင်းကို အကောင်းဆုံး ပန်းချီဆရာများ၊ ပန်းပုဆရာများ၏ လက်ရာများဖြင့် အလှဆင်ထားသည်။ ၁၉၉၅ ခုနှစ်တွင် ဘုရားကျောင်း ပြုပြင်မွမ်းမံရေး လုပ်ငန်းများကို စတင်ခဲ့ပြီး ၁၉၉၉ ခုနှစ် ဒီဇင်ဘာလတွင် ဆေးချယ်အလှဆင်မှုများ ပြီးစီးသည်။ ၂၀၀၀ ပြည့်နှစ် ဩဂုတ် ၁၉ ရက်တွင် ခရစ်စထ်စပါးစီးကျေးလ် ဘုရားရှိခိုးကျောင်းကြီးကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

**ရှင်းလင်းဖြေကြား**

ပြည်ထောင်စု ဝန်ကြီးသည် Centre for Public and Business Cooperation with the Republic of the Myanmar ၏ သတင်းမီဒီယာအဖွဲ့နှင့် တွေ့ဆုံပြီး ရုရှား- မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ ပကတိဖြစ်ရပ်မှန် အခြေအနေ၊ အာရှနိုင်ငံအချို့တွင် ကြုံတွေ့နေရသလို မြန်မာနိုင်ငံတွင်လည်း ရေဘေးအန္တရာယ် ကြုံတွေ့နေရမှု၊ နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူများက ရေဘေးကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နေမှု၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိပြီး သံအမတ်ကြီး ဦးသစ်လင်းအုန်း၊ စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်နှင့် သံရုံး၊ စစ်သံရုံး ဝန်ထမ်းများအား တွေ့ဆုံကာ နိုင်ငံတော်၏ လက်ရှိအခြေအနေမှန်များ၊ သတင်းတုသတင်းမှားများအပေါ် ဆန်းစစ်ဝေဖန်ပိုင်းခြားနိုင်ရေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်၍ ယနေ့ ပညာရေး၊ ကျန်းမာရေး၊ ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ နိုင်ငံတော်လုံခြုံရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီး၊ စစ်သံမှူးနှင့် ဝန်ထမ်းများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တည်းခိုသည့် Plaza Garden ဟိုတယ်၌ ရုရှား Roscongress မှ အရှေ့တောင်အာရှဆိုင်ရာ အကြီးအကဲ Mr. Sergey Vladimirovich နှင့် အလွတ်သဘောတွေ့ဆုံ၍ ရုရှား- မြန်မာ မီဒီယာ ပူးပေါင်းဆောင်ရွက်မှုများ အမြန်ဆုံးအကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် မော်စကိုမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ပြန်ကြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံစာရေးဆရာအဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၈**

တရုတ်ပြည်သူ့သမ္မတ နိုင်ငံယဉ်ကျေးမှုသံရုံး၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) ဦးဆောင်သော မြန်မာစာရေးဆရာအဖွဲ့သည် စက်တင်ဘာ ၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စတင်ထွက်ခွာခဲ့ရာ ကွမ်တုံပြည်နယ် ကွမ်ကျိုးမြို့၊ ကြွမ့်လူမျိုးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ယန်းရှို့မြို့၊ နန်နင်းမြို့၊ ဟူပေပြည်နယ် ယီချန်းမြို့၊ ပေကျင်းမြို့တို့သို့ ရောက်ရှိခဲ့ကြသည်။

မြန်မာစာရေးဆရာ အဖွဲ့သည် ကွမ်တုံ နိုင်ငံခြားဘာသာနှင့် ပြည်ပကုန်သွယ်ရေး တက္ကသိုလ်၊ နန်နင်းမြို့ ကွမ်ရှီးတိုင်းရင်းသားလူမျိုးစုတက္ကသိုလ်၊ ပေကျင်းတက္ကသိုလ်တို့တွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ စာပေရေးရာများ အပြန်အလှန်ဆွေးနွေးခြင်း၊ စာပေဟောပြောပွဲများ ပြုလုပ်ခြင်း၊ တရုတ်နိုင်ငံ စာရေးဆရာအသင်းနှင့် ပုံနှိပ်ထုတ်ဝေသူများအား တွေ့ဆုံ၍ နှစ်နိုင်ငံစာပေများ အပြန်အလှန်ဖလှယ်ရန် ဆွေးနွေးခြင်း၊ နန်နင်းတက္ကသိုလ်ပြတိုက်၊ ပေကျင်းခေတ်ပေါ် အမျိုးသားပြတိုက်များသို့ သွားရောက်လေ့လာခြင်း၊ နှစ်နိုင်ငံ လူငယ်စာရေးဆရာများ ချစ်ကြည်ရင်းနှီးမှု မြင့်မားစေရေး အပြန်အလှန်စေလွှတ်ကြရန် ညှိနှိုင်းခြင်း၊ တရုတ်တိုင်းရင်းသား အချို့၏ ဓလေ့ထုံးစံများ၊ ရိုးရာကပွဲများ၊ မီးပုံပွဲများတွင် သွားရောက်ကြည့်ရှုလေ့လာကာ ပါဝင်ဆင်နွှဲခြင်း၊ ကမ္ဘာ့ထုထည်အကြီးဆုံး ရေကာတာကြီးဖြစ်သည့် ယန်စီမြစ်ပေါ်ရှိ မြစ်ကျဉ်းသုံးသွယ် ရေကာတာကြီး၊ တရုတ်ရှေးဟောင်းနန်းတော်ကြီးနှင့် မဟာတံတိုင်းကြီးတို့ကို သွားရောက်လေ့လာ ကြည့်ရှုခဲ့သည်။



ထို့နောက် မြန်မာစာရေးဆရာအဖွဲ့သည် စက်တင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် ပေကျင်းမြို့မှ ပြန်လည်ထွက်ခွာလာခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ညစနာရီတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး၊ ယဉ်ကျေးမှုသံရုံးမှ သံမှူးကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# ရာဂီတိုင်ဖွန်းမုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသောဒေသများအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

တောင်တရုတ်ပင်လယ်တွင် ဖြစ်ပွားခဲ့သော ရာဂီတိုင်ဖွန်းမုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသော ဒေသခံပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုက ငွေကျပ်သိန်း ၁၇၀၀၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းက ငွေကျပ်သိန်း ၇၀၊ ဦးအောင်ဇော်မြင့်+အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ သီရိပျံချီ ဒေါက်တာမြတ်မြတ်အုန်းခင် ပြည်ထောင်စုဝန်ကြီး




(ငြိမ်း)နှင့် သားသမီး၊ မြေးများက ငွေကျပ်သိန်း ၅၀၊ ဒေါက်တာ ဂျူးဂျူးဇော်(ခ) ခင်အိန္ဒြာဇော် (ခေတ္တ ဩစတြေးလျ) က ငွေကျပ် ၁၁ သိန်း၊ ဦးထွန်းရွှေ+ ဒေါ်သင်းသင်းဆွေမိသားစု (ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ်သိန်း ၃၀ နှင့် တိုင်းရင်းဆေးဝါးသေတ္တာ ခြောက်ပုံး၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက ငွေကျပ်သိန်း ၅၀၀၊ မြန်မာနွယ်ဖွား တရုတ်လူမှုကူညီရေးပရဟိတအသင်း (နေပြည်တော်)မှ ငွေကျပ်သိန်း ၅၀၊ Tin Wai International Group Co.,Ltd မှ ငွေကျပ်သိန်း ၃၀၊ မြန်မာကယန်းတောင်ပိုင်းကုမ္ပဏီ လီမိတက်မှ ငွေကျပ် ၁၀ သိန်း၊ Sky One Company မှ ငွေကျပ်သိန်း ၂၀၀၀ နှင့် Gandamar Business Solutations Co.,Ltd ဝန်ထမ်းမိသားစုက ငွေကျပ် ၂၀၇၆၀၀၀၊ ဦးအိုက်ဆန်+ဒေါ်ဖုံစု မိသားစုက ငွေကျပ်သိန်း ၃၀၀၀၊ ဦးလင်းထူး+ ဒေါ်နန်းသင်းစုငြိမ်း Golden HTT Co.,Ltd မိသားစုက ငွေကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ် ၇၅၂၁၇၆၀၀၀ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အတူ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး (ငြိမ်း) နှင့် ဇနီး ဒေါ်မြမြစန်း မိသားစုက အေလာတိဏ္ဍာ ဘုန်းတော်ကြီးကျောင်းရှိ ရေဘေးသင့်ပြည်သူ ၃၀၀ အတွက် နေ့လယ်စာ ထမင်းဘူး ၃၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတစ်ဆင့် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်သော သီးနှံစိုက်ဧရိယာများ၌ ရာသီအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၁၈**

ရာဂီမုန်တိုင်း အကြွင်းအကျန်လေပွေလှိုင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်ဖြစ်ပေါ်သော မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ ကျောက်ဆည်ခရိုင်တို့ရှိ သီးနှံများပျက်စီးခဲ့သည့် ဧရိယာများ၌ ရာသီအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေး၊ ထိခိုက်ခဲ့သည့်စိုက်ခင်းများပြန်လည်ကုစားနိုင်ရေးနှင့် ရေဘေးလွတ်ကင်းခဲ့သည့် စိုက်ခင်းဧရိယာရှိသီးနှံများ ပန်းတိုင်အထွက်ရရှိရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးခြင်းကို ယနေ့ နံနက်ပိုင်းက မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်နှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ စက်မှုလယ်ယာ ဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ သီးနှံအလိုက် ပညာရှင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အလိုက်တောင်သူကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြို့နယ်တာဝန်ခံများက သီးနှံများအလိုက် ရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တောင်သူများက လက်ရှိကြုံတွေ့နေရသည့်အခက်အခဲနှင့် ဒေသ၏စိုက်ပျိုးထုတ်လုပ်မှု ကျဆင်းမသွားစေရေးအတွက် စီမံဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာ တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက သက်ဆိုင်ရာခရိုင်၊ မြို့နယ်တာဝန်ရှိသူများက ရေကျပြီးနောက် ပြန်လည်စိုက်ပျိုးမည့် သီးနှံအမျိုးအစားအလိုက်၊ ဧရိယာအလိုက် စာရင်းအား အချိန်မီပြုစုပေးနိုင်ရေးနှင့် မျိုးစေ့များကို ကြိုတင်စုဆောင်းထားရှိရေး၊ တောင်သူများ ပြန်လည်စိုက်ပျိုးမည့် သီးနှံပုံစံကို ကြိုတင်ညှိနှိုင်း ဆောင်ရွက်ရန် လိုအပ်ချက်များ၊ ရေကြီးနစ်မြုပ် ထိခိုက်ခဲ့သည့် စပါးခင်းများရေကျပြီးနောက် ပြန်လည်ကုစားနိုင်မည့် အစီအမံများ၊ မြေပြင်အခြေအနေမှန် သိရှိရေးအတွက် တောင်သူများနှင့်ချိတ်ဆက်မှု လျင်မြန်ချောမွေ့စေရန် Viber group များကို ဒေသအလိုက် ဖွဲ့စည်းထားရှိရေး၊ နုန်းဖုံးလွှမ်းခဲ့သည့်စိုက်ဧရိယာများ ပြန်လည်စိုက်ပျိုးနိုင်မှုနှင့် ရေကြီးရေလွှမ်းပြီးနောက် ကြုံတွေ့ရတတ်သည့် သီးနှံပိုးမွှား ရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ စနစ်တကျစီမံဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ယခုကြုံတွေ့ခဲ့ရသည့် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုကြောင့် သီးနှံစိုက်ခင်းများ ထိခိုက်ပျက်စီးခဲ့ရာတွင် မိတ္ထီလာခရိုင်၌ ဧကသုံးသောင်းငါးထောင်ကျော်၊ ရမည်းသင်းခရိုင်တွင် ဧကငါးသောင်းခြောက်ထောင်ကျော်၊ ကျောက်ဆည်ခရိုင်၌ ဧကတစ်သိန်းတစ်သောင်းကျော် ရေကြီးနစ်မြုပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေတိုက်စားမှုဖြစ်ပေါ်ခဲ့သည့် ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်များရှိ ရေထိန်းတမံနှင့် ရေလျှောင်ကန်များ ကွင်းဆင်းကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်များရှိ ရေထိန်းတမံနှင့် ရေလှောင်ကန်များ အခြေအနေကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရမည်းသင်းမြို့နယ်ရှိအလျားပေ ၃၁၉၀ ရှိပြီး ရေလှောင်ပမာဏ ၈၃ ဧကပေ သိုလှောင်နိုင်သည့် လဲဖြူရေထိန်းတမံသို့ ရောက်ရှိပြီး ရေဝင်ရောက်ခဲ့မှု၊ ရေစီးနှင့်အတူ မျောပါလာသည့် သစ်တုံးကြီးများ၊ အမှိုက်ဒိုက်များနှင့် သဲနုန်းများကြောင့် ရေထိန်းတမံထိခိုက်ခဲ့မှု၊ တမံထိပ်မှ ရေကျော်ကျခဲ့မှုနှင့် ရေပိုလွှဲမှ ရေကျော်ကျခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သစ်တုံးကြီးများ၊ အမှိုက်ဒိုက်များ ရှင်းလင်းခြင်းနှင့် သဲနုန်းပို့ချခဲ့ပြီး ရေတိုက်စား ပျက်စီးခဲ့သည့် တူးမြောင်းနေရာအချို့ ပြန်လည်ပြုပြင်သွားရန်နှင့် ဆည်ရေသောက်ဧရိယာအတွင်းရှိ ထိခိုက်ပျက်စီးမှုမရှိသည့် လယ်ယာမြေများကို အမြန်ဆုံးစိုက်ပျိုးရေ ပြန်လည်ပေးဝေနိုင်ရေး ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

လဲဖြူရေထိန်းတမံသည် တမံထိပ်မှ ရေကျော်ကျမှုဖြစ်ပေါ်ခဲ့သော်လည်း တမံကိုယ်ထည်အပါအဝင် ရေပိုလွှဲနှင့် ရေထုတ်ပြွန် ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပျော်ဘွယ်မြို့နယ်ရှိ အလျားပေ ၁၄၅၀၀၊ အမြင့်ပေ ၂၀၊ ရေလှောင်ပမာဏ ၄၂၅၇ ဧကပေ၊ ရေပိုလွှဲအကျယ်ပေ ၂၀၀ ရှိသည့် ကျောက်ဆည်ကန်သို့ ရောက်ရှိပြီး ကန်ပေါင်ပေါ် ရေကျော်ကျမှုကြောင့် နေရာအချို့ ရေတိုက်စားမှုဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် ပေ ၄၀ ခန့် ဆက်လက်ရေစီးဆင်းနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ ရေလှောင်ကန်မှ မြေသားပေါင် ထိခိုက်ပျက်စီးမှုများကို အသေးစိတ် ကွင်းဆင်းတိုင်းတာပြီး စနစ်တကျပြန်လည်ပြုပြင် စီမံဆောင်ရွက်၍ ရေသိုလှောင်နိုင်ရေးနှင့် စိုက်ပျိုးရေ ပြန်လည်ပေးဝေနိုင်ရေး ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

**သတင်းစဉ်**

နှစ်( ၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းအောင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စက်တင်ဘာ ၁၈ ရက်တွင် ဇောဓိကုန်းဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးများ ပြုလုပ်ပေးစဉ်။

မြို့နယ်(ပြန်/ဆက်)



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၈**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီးများ အစာအဆိပ်သင့်လူနာများအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၈

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ကလေးရောဂါအထူးကုဆေးရုံကြီး(နေပြည်တော်)၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၃၀၀)နှင့် ပြည်သူ့ဆေးရုံ (တပ်ကုန်းမြို့) များသို့ သွားရောက်ကာ တပ်ကုန်းမြို့နယ်ကြက်သွန်ခင်းကျေးရွာအုပ်စု ချောင်းခြားကျေးရွာမှ အစာအဆိပ်သင့် ရောဂါလက္ခဏာများဖြစ်ပွား၍ အတွင်းလူနာအဖြစ်ဆေးရုံတက်ရောက်ကုသနေသော လူနာများအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ကလေးရောဂါအထူးကုဆေးရုံကြီး (နေပြည်တော်)



ရှိ ကလေးလူနာ ငါးဦး၏ ကျန်းမာရေးအခြေအနေကိုလည်းကောင်း၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀) ဆေးကုသဆောင်ရှိ အစာအဆိပ်သင့်လူနာလေးဦး၏ ကျန်းမာရေးအခြေအနေကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

**အားပေးစကားပြောကြား**

ပြည်သူ့ဆေးရုံ တပ်ကုန်းမြို့သို့ တက်ရောက်ကုသခဲ့သော အတွင်းလူနာ ၅၆ ဦးအနက် ၃၅ ဦးမှာ ကျန်းမာရေးကောင်းမွန်၍ သက်သာလာသဖြင့် ဆေးရုံမှ ဆင်းခွင့်ရရှိခဲ့ပြီး ကျန်ရှိနေသောလူနာ၂၂ ဦးကို ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ပြီး လူနာများအား သေချာစွာစောင့်ကြပ်ကြည့်ရှုကုသရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ဆေးရုံတက်ရောက်ကုသနေသောလူနာများအား ရင်းရင်းနှီးနှီးလည့်လှည်ကြည့်ရှုပြီး လတ်ဆတ်သောအစားအစာနှင့် ပူပူနွေးနွေးချက်ပြုတ်ထားသော အစားအစာကိုသာ စားသုံးရန်၊ ရက်ကျော်နှင့် အချိန်ကျော်သိမ်းထားသော အစားအစာများကို စားသုံးခြင်းမပြုရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊ မိမိတို့ နေအိမ်ရှိသောက်ရေသုံးရေများကို ရေသန့်ဆေးပြားထည့်ပြီးမှသာ အသုံးပြုရန်နှင့် နေအိမ်များသို့ ပြန်ရောက်သည့်အခါ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသောနေအိမ်များသို့ ပြန်လည်သွားရောက်နေထိုင်ချိန်တွင် သတိပြုလိုက်နာဆောင်ရွက်ရန်အချက်များကို လိုက်နာဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရေကြီးမှုဖြစ်စဉ်များနှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

ရေကြီးမှုဖြစ်စဉ်များနှင့် ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄) နေပြည်တော်၌ ကျင်းပသည်။

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယမန်နေ့က ပြုလုပ်ခဲ့သော သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာအစည်းအဝေးတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များနှင့် စက်တင်ဘာ ၁၆ ရက်က ပြုလုပ်ခဲ့သော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (၂/၂၀၂၄) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ လမ်းညွှန် မှာကြားချက်များကို ထပ်ဆင့်မှာကြားပြီး ထပ်မံ၍



မုန်တိုင်းအသစ်များ ဖြစ်ပေါ်လာနိုင်ပြီး ရေကြီးမှုဖြစ်စဉ်များလည်း ဖြစ်ပွားလာနိုင်သဖြင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ယခင် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များနှင့် ယခုရေကြီးမှုဖြစ်စဉ်များတွင် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့် အတွေ့အကြုံများနှင့် သာဓကများကို အခြေခံကာ နောင်တွင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များတွင် ကြိုတင်ပြင်ဆင်မှုနှင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်ကာ ထိခိုက်ပျက်စီးမှု နည်းနိုင်သမျှ အနည်းဆုံးဖြစ်စေရေး ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(ကျိုင်းတုံ)၊ ရှမ်းပြည်နယ် (တောင်ကြီး)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတို့မှ ဆေးရုံအုပ်ကြီးများက လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ချောင်းခြားကျေးရွာတွင် အစာအဆိပ်သင့်မှုဖြစ်ပွား၊ လူနာများအား ဆေးရုံများတွင် ကြပ်မတ်ကုသပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၈

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ကြက်သွန်ခင်းကျေးရွာအုပ်စု ချောင်းခြားကျေးရွာတွင် စက်တင်ဘာ ၁၇ ရက် ညနေပိုင်းတွင် ကျေးရွာသူကျေးရွာသား၊ ကလေး/လူကြီးအချို့ အစာအဆိပ်သင့်လက္ခဏာများ ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ အဆိုပါ ကျေးရွာရှိ ရေဘေးသင့်ပြည်သူများသည် အလှူရှင်များက လာရောက်လှူဒါန်းသည့် ကြက်သားဒံပေါက်၊ ကြက်သားအာလူးဟင်း၊ ဘဲဥခရမ်းချဉ်သီးချက်များကို စားသုံးခဲ့ကြပြီး အစာအဆိပ်သင့် လက္ခဏာများ ဖြစ်ပေါ်ခဲ့ရာ နေပြည်တော်



ကျန်းမာရေး ဦးစီးဌာနနှင့် တပ်ကုန်းမြို့နယ် ကျန်းမာရေး ဦးစီးဌာနမှ အရေးပေါ်တုံ့ပြန်ရေး အဖွဲ့များက အဆိုပါကျေးရွာသို့ ရောက်ရှိနေပြီး ကုသခြင်း၊ ဆေးရုံသို့ လွှဲပြောင်းခြင်း၊ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လူနာများအနက် တပ်ကုန်းမြို့နယ် ပြည်သူ့ဆေးရုံ (ခုတင်-၁၀၀)တွင် ပြင်ပလူနာအဖြစ် ၅၀ နှင့် အတွင်းလူနာအဖြစ် ၅၆ ဦး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင် - ၃၀၀) တွင် အတွင်းလူနာအဖြစ် လေးဦးနှင့် နေပြည်တော် ကလေးရောဂါအထူးကုဆေးရုံတွင် အတွင်းလူနာအဖြစ် ငါးဦး တက်ရောက်ကုသမှုခံယူလျက်ရှိပြီး ရောဂါသက်သာကောင်းမွန်လျက်ရှိကြောင်း သိရှိရသည်။ ယနေ့မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့နယ် ပြည်သူ့ဆေးရုံ (ခုတင်-၁၀၀) တွင် ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများမှ ရောဂါသက်သာကောင်းမွန်လာသူ လူနာများသည် ဆေးရုံဆင်းပြီး ၎င်းတို့နေအိမ်အသီးသီးသို့ ပြန်သွားကြပြီးဖြစ်သဖြင့် ဆေးရုံတက် ကုသဆဲလူနာ ကိုးဦးသာ ကျန်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး အဖွဲ့များက ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

သို့ပါ၍ သဘာဝဘေးဒဏ်ခံစားရသော ပြည်သူများအား အစားအသောက်များ လှူဒါန်းရာတွင် အလှူရှင်များအနေဖြင့် ပူပူနွေးနွေး ပြင်ဆင်ထားသည့် သန့်ရှင်းသော အစားအသောက်များအား မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှ တစ်ဆင့် ပေးပို့လှူဒါန်းကြရန်နှင့် ယာယီကယ်ဆယ်ရေး စခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် ယာယီစခန်းများတွင် လှူဒါန်းထားသော အစားအသောက်များကို ကျန်းမာရေးနှင့် ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်ဆောင်ရွက်ပေးနိုင်ရေး ကျန်းမာရေးဦးစီးဌာနက တိုက်တွန်း နှိုးဆော်ထားကြောင်း သိရသည်။ **သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အဆင့်မီတိုးတက်ရေး သုံးသပ်အကြံပြု ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ခိုင်မာစေရန် ရည်ရွယ်၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအား နိုင်ငံတကာကုမ္ပဏီများနည်းတူ အဆင့်မီတိုးတက်ရေးအတွက် သုံးသပ်အကြံပြုညှိနှိုင်းဆွေးနွေးခြင်း (Brainstorming Session) အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆)ရှိ ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး ဦးသန့်စင်၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံအနေဖြင့် ရေနံတူးဖော်မှုကို ၁၈၈၆ ခုနှစ် ကတည်းက စတင်လုပ်ကိုင်ခဲ့ခြင်းဖြစ်ရာ နှစ်ပေါင်းများစွာ လုပ်ငန်းအတွေ့အကြုံများရှိခဲ့သော်လည်း ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်သည် နိုင်ငံတကာရေနံကုမ္ပဏီများနှင့် နှိုင်းယှဉ်ပါက များစွာနေးကွေးလျက်ရှိသည်ကို တွေ့မြင်နိုင်ကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း (Upstream)၊ သယ်ယူပို့ဆောင်ခြင်း (Midstream)နှင့် ချက်လုပ်ခြင်း (Down-steram) ကဏ္ဍ သုံးမျိုးလုံးတွင် ခေတ်မီဖွံ့ဖြိုးလာစေရေး ဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်သည့်အပြင် မိမိတို့နိုင်ငံအတွင်း၌ တည်ထောင်ထားပြီးဖြစ်သော စွမ်းအင်ကဏ္ဍနှင့်သက်ဆိုင်သည့် အခြေခံအဆောက်အအုံများကို ထိရောက်စွာအသုံးပြု၍ မိမိတို့နိုင်ငံ၏ တည်နေရာအနေအထားကို အသုံးချပြီး စွမ်းအင်ကုန်သွယ်ရေး (Energy Trading) ကို Business အသွင်ဖြင့် အကျိုးရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စွမ်းအင်ကုန်သွယ်ရေးလုပ်ငန်း (Energy Trading) မှ ဝင်ငွေရရှိလာသည့်အခါ လိုအပ်သည့် အခြေခံအဆောက်အအုံများ ထပ်မံတည်ဆောက်ခြင်းဖြင့် လုပ်ငန်းပိုမိုကြီးထွားလာနိုင်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ စွမ်းအင်ကဏ္ဍလုပ်ငန်းများအား နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်စေရန်အတွက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကို နိုင်ငံတကာရေနံကုမ္ပဏီများနည်းတူ အဆင့်မီတိုးတက်ရေးအတွက် သုံးသပ်အကြံပြုညှိနှိုင်းဆွေးနွေးခြင်း (Brainstor-ming Session) အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း၊ Brainstorming Session ဖြစ်သည်နှင့်အညီ တက်ရောက်လာကြသူများအနေဖြင့် မိမိတို့၏အမြင်နှင့် သုံးသပ်ချက်များကို ပွင့်လင်းစွာဆွေးနွေးသွားကြရန် ဖိတ်ခေါ်ပါကြောင်းပြောကြားပြီး ဦးဆောင်ဆွေးနွေးသည်။



ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် ဝန်ထမ်းများက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကို နိုင်ငံတကာကုမ္ပဏီများနည်းတူ အဆင့်မီတိုးတက်စေရေး ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ ပြုပြင်ပြောင်းလဲသင့်သည့် ကိစ္စရပ်များ၊ ဖြည့်ဆည်းရမည့်အခြေအနေများကို ပွင့်လင်းစွာ ဆွေးနွေးသုံးသပ်ကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်အကြံပြုဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# အိန္ဒိယနိုင်ငံမှ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးဆိုင်ရာပစ္စည်းများကို အိန္ဒိယစစ်ရေယာဉ် INS Satpura ဖြင့် မြန်မာနိုင်ငံသို့ ပို့ဆောင်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၈**

တောင်တရုတ် ပင်လယ်တွင် ဖြစ်ပွားခဲ့သော တိုင်ဖွန်းမုန်တိုင်းရာဂီ၏သက်ရောက်မှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံအတွင်းရှိ နေပြည်တော် ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရပ်ကွက်/ကျေးရွာများမှ ရေဘေးသင့် ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးဆိုင်ရာပစ္စည်းများကို အိန္ဒိယနိုင်ငံမှ စစ်ရေယာဉ် INS Satpura (F-48) သည် စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်းသို့ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဝမ်းပန်းတသာ ကြိုဆိုကြသည်။



ထို့နောက် အိန္ဒိယစစ်ရေယာဉ်ဖြင့် ရောက်ရှိလာသည့် လူသားချင်းစာနာမှုအကူအညီနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးဆိုင်ရာပစ္စည်းများကို ညပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Shri Abhay Thakur က လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူများ၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူးနှင့် အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အိန္ဒိယစစ်ရေယာဉ် INS Satpura တွင် ကူညီကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် ရွက်ဖျင်တဲများ၊ တာပေါ်လင်စများ၊ လူသုံးကုန်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ သန့်ရှင်းရေးပစ္စည်းများ၊ အဝတ်အထည်များ၊ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများပါဝင်၍ စုစုပေါင်းတန်ချိန် ၂၁ တန်ခန့် ဖြစ်ကြောင်းသိရပြီး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရပ်ကွက်/ကျေးရွာများမှ ရေဘေးသင့်ပြည်သူများထံသို့ အမြန်ဆုံးရောက်ရှိစေရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသည့် အိန္ဒိယစစ်ရေယာဉ် INS Satpura သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ပျော်ဘွယ်ဘုရားငါးဆူလမ်းနှင့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံလမ်းများ ပြန်လည်ပြုပြင်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ပျော်ဘွယ်-ဘုရားငါးဆူလမ်းနှင့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံလမ်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပျော်ဘွယ်-ဘုရားငါးဆူလမ်းပိုင်းဖြစ်သည့် မိုင်တိုင်အမှတ်(၁၀/၀)နှင့်(၁၀/၃)ကြားရှိ လမ်းတာပေါင်ရေတိုက်စားခြင်းကို ကျောက်ရောမြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၂၈/၄)နှင့် (၂၈/၅)ကြားရှိ မြေသားတာပေါင်ပဲ့ကျနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး **ဒုတိယဝန်ကြီးက လမ်းပန်းဆက်သွယ်မှု ပြတ်တောက်မှုမရှိစေရေး ပြုပြင်ဆောင်ရွက်ရန် ကျန်ရှိသောနေရာများတွင် စက်၊ ယာဉ်၊ ယန္တရားများကို စနစ်တကျ စီမံခန့်ခွဲ၍ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန် မှာကြားသည်။**

ထို့နောက် မိတ္ထီလာ-တောင်ကြီးလမ်းပိုင်းဖြစ်သည့် မိုင်တိုင်အမှတ်(၄၀/၀-၄၀/၃) ကတ္တရာလမ်းသားပဲ့ကျနေမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၄၅/၃-၄၅/၄)ကြား ရေကျော်သဖြင့် လမ်းပေါ်တွင် တင်ကျန်နေသည့် ရွှံ့နုန်းမြေများကို စက်၊ ယာဉ်၊ ယန္တရားများဖြင့် ဖယ်ရှားနေမှုနှင့် မိုင်တိုင်အမှတ်(၄၇/၁-၄၇/၃)ကြား မြစ်ဆုံကွေ့တွင် ရေတိုက်စားပြီး အကျယ် ၁၄ ပေ၊ အလျားပေ ၃၀၀၊ လမ်းတာပေါင်နှင့် ကတ္တရာလမ်းသားပဲ့ကျနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မိတ္ထီလာ-တောင်ကြီးလမ်းပိုင်းဘေးရှိ ချောင်းအတွင်း ကျောက်နံရံစီမြေဖို့ပြီး ကျူးကျော်ထားခြင်းကြောင့် ချောင်းရေစီးကြောင်း ထိခိုက်နိုင်သဖြင့် သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ပြီး ကျူးကျော်များကို ဖယ်ရှားရှင်းလင်းရန်နှင့်လိုအပ်သည်များ မှာကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် မိုင်တိုင်အမှတ်(၅၄/၄-၅၄/၅)ကြား အကျယ် ၁၂ ပေ၊ အလျား ပေ ၆၀၀ လမ်းသားပဲ့ကျနေမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၅၇/၆)တွင် ရေတိုက်စားသဖြင့် ဖြစ်ပေါ်ခဲ့သည့် ပျက်စီးမှုများ ပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၆၂/၂-၆၂/၃)ကြား မြေထိန်းနံရံတည်ဆောက်ထားရှိမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၆၆/၀)တွင် ကျောက်ရောမြေဖို့၍ ပြင်ဆင်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကလောမြို့အဝင် မိုင်တိုင်အမှတ်(၇၁/၁-၇၁/၃)ကြား နှစ်ထပ်လမ်းအောက်ဘက်အခြမ်း ပြင်ဆင်ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး **လမ်းပျက်စီးမှုနှင့် တောင်ပြိုမှုများကို အမြန်ဆုံးဖယ်ရှားရန်၊ လမ်းဘေးဝဲ၊ ယာရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ စနစ်တကျဆောင်ရွက်ထားရန်၊ လမ်းညွှန်အမှတ်အသားများကို သတ်မှတ်ထားသည့် အင်္ဂါရပ်များအတိုင်း စနစ်တကျဆောင်ရွက်ထားရှိရန်နှင့် လမ်းပြတ်တောက်မှုမရှိစေရေး အလေးထားကြပ်မတ်ဆောင်ရွက်သွားရန်မှာကြားခဲ့ကြောင်းသိရသည်။**

**သတင်းစဉ်**

# သဘာဝဘေးကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လမ်း၊ တံတားများ ပြန်လည်ပြုပြင် ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၈**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် သဘာဝဘေးကြောင့် ပျက်စီးခဲ့သော နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လမ်း၊ တံတားများအား ယာယီပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် အမြဲတမ်းပြုပြင်ခြင်း လုပ်ငန်းများအတွက် ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန် – မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၄၅/၇) ရှိ နဝင်းချောင်းတံတား(အဆုံတံတား)သို့ သွားရောက်ပြီး ချောင်းရေတိုက်စား ပျက်စီးသွားသည့် တံတားချဉ်းကပ်လမ်းအား ယာယီဘေလီတံတားထိုး၍ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ယာဉ်များ သတ်မှတ်ချက်အတိုင်း စနစ်တကျ ဖြတ်သန်းသွားလာမှုနှင့် တံတားကြံ့ခိုင်မှုအခြေအနေတို့ကို စစ်ဆေးရာ တာဝန်ရှိသူများက ကုန်တင်ယာဉ်ကြီးများ သွားလာနိုင်ရန် ယာယီဘေလီတံတား၏ တံတားသတ်မှတ်ခံနိုင်ဝန်အားကို စနစ်တကျ စစ်ဆေးတွက်ချက်ဆောင်ရွက်ထားရှိမှု၊ ရေစီးနှင့်အတူ မျောပါလာသောသစ်ပင်ကြီးများ၊ သစ်မြစ်များ၊ သစ်လုံးကြီးများနှင့် ကျောက်တုံးကြီးများအား ဖယ်ရှား ရှင်းလင်းထားရှိမှု၊ တံတား၏ Up Stream နှင့် Down Stream တို့တွင် ရေလမ်းကြောင်းရှင်းလင်း ဆောင်ရွက်ထားရှိမှုနှင့် ကင်းသာလမ်းဆုံ၌ ရေတိုက်စား၍ လမ်းသားပျက်စီးသွားသည့်နေရာများအား ပြန်လည်ပြင်ဆင်ခြင်း ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ နဝင်းချောင်းတံတား၏ ချဉ်းကပ်လမ်း ပျက်စီးသွားသောနေရာ၌ တန် ၄၀ ခံနိုင်ဝန်ရှိသော အရှည်ပေ ၁၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ သုံးလွှာတစ်ထပ် ဘေလီတံတားထိုးခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ခရီးသည်တင်မော်တော်ယာဉ်များ၊ ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များအား တန် ၄၀ အထိ ဖြတ်သန်းသွားလာနိုင်ပြီ ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆင်သေချောင်းတံတား (ပုပ္ပါးကုန်း)သို့ သွားရောက်ပြီး အရှည်ပေ ၇၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ တစ်လွှာတစ်ထပ်၊ သံပေါင်ဘေလီတံတားထိုးခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် လမ်းတာပေါင်ကြံ့ခိုင်မှု အခြေအနေများကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ ဆင်သေချောင်းတံတား (သိုက်ချောင်း) နေရာတွင် ယာဉ်သွားလာမှု ပိုမိုအဆင်ပြေ လွယ်ကူစေရေးအတွက် ယာယီပြင်ဆင်ပြီး၍ အသုံးပြုနေပြီဖြစ်သော အရှည်ပေ ၁၃၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ နှစ်လွှာတစ်ထပ် ယာယီဘေလီတံတားနှင့် အပြိုင်နောက်ထပ်ဘေလီတံတားတစ်စင်းထိုး၍ အသွားတစ်စင်း၊ အပြန်တစ်စင်း အသုံးပြုနိုင်ရေး ဆောင်ရွက်နေသည့် အခြေအနေကိုလည်းကောင်း၊ မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-ညောင်ပင်သာလမ်းပေါ်ရှိ တံတားအမှတ် (၂/၂၀)၏ ရေတိုက်စား၍ ပျက်စီးသွားသည့်နေရာအား ယာယီဘေလီတံတားထိုးခြင်း ဆောင်ရွက်နေသည့်အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုများကြောင့် လမ်း၊ တံတားများ ပျက်စီးမှုများကို အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံး ပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ အများပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေနေပြီဖြစ်ပြီး ကုန်စည်များလည်း အဆက်မပြတ် ပို့ဆောင်နိုင်ပြီဖြစ်ကြောင်းနှင့် ပြန်လည်ပြင်ဆင်ပြီးစီးခဲ့သည့် လမ်း၊ တံတားများ၏ ကြံ့ခိုင်မှုအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် နေ့ညမပြတ် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ယာယီပြုပြင်ပြီးတံတားများကို မူလအခြေအနေအတိုင်း ဖြစ်စေရေး အခိုင်အမာ တံတားများအဖြစ် ကြိုးစားပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သော ဒေသများတွင် သေဆုံးခဲ့သော ဒေသခံပြည်သူများအား နိုင်ငံတော်အစိုးရက ထောက်ပံ့ငွေများ ပေးအပ်မည်

**နေပြည်တော် စက်တင်ဘာ ၁၈**

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ချောင်းရေနှင့်မြစ်ရေများ အဆက်မပြတ်မြင့်တက်လာမှုနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၅၆ မြို့ နယ်မှ ရပ်ကွက်၊ ကျေးရွာများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး လမ်း၊ တံတားအချို့ ရေတိုက်စားပျက်စီးခြင်း၊ လူနေအိမ်၊ ရုံး/ဌာန အဆောက်အအုံ၊ စာသင်ကျောင်း၊ အခြားအဆောက်အအုံများအား ရေဝင်နစ်မြုပ်ခြင်း၊ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ထိုကဲ့သို့ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သော မြို့နယ် ၅၆ မြို့နယ်မှ ရပ်ကွက်၊ ကျေးရွာတို့တွင် ယနေ့နံနက် ၉ နာရီအထိ ကောက်ယူရရှိသော စာရင်းများအရ ပြည်သူ ၂၆၈ ဦး သေဆုံးခဲ့ပြီး ၈၈ ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရှိရသည်။ ထိုသို့ သဘာဝဘေးဒဏ်ကြောင့် သေဆုံးခဲ့သည့် ပြည်သူများကို တစ်ဦးလျှင် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှ ငွေကျပ်ငါးသိန်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ငွေကျပ်သုံးသိန်း စုစုပေါင်းငွေကျပ်ရှစ်သိန်းကို ကျန်ရစ်သူမိသားစုထံသို့ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကလည်း သီးခြားထပ်ဆောင်းထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ထုတ်ပြန်ထားသည်။

ထို့ပြင် ထိခိုက်ဒဏ်ရာခံစားခဲ့ရမှုအခြေအနေနှင့် အိုးအိမ်များ ပျက်စီးဆုံးရှုံးရမှုအခြေအနေများအပေါ် မူတည်ကာ လိုအပ်သည့် ထောက်ပံ့ကူညီမှုများကို ဆက်လက် ဆောင်ရွက်ပေးသွားရန် စီစဉ်ထားရှိကြောင်း သိရသည်။ **သတင်းစဉ်**



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၈ ရက် နံနက် ၇ နာရီက လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ကုလားကြီးစုကျေးရွာရှိ ရွှေရင်အေးစေတီတော်မြတ်ကြီး၌ အင်းစိန်ခရိုင် ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အောင်ဖြိုး ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၆၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲမှူးသန်းမင်းထက်နှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ယာယီကယ်ဆယ်ရေးစခန်းများမှ ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၈**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် အောင်းကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ကျောင်းထိုင် ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ် မွန်းတည့်ခွင်-ကျည်တောင် – ခေါမ – ညောင်ပင်သာလမ်းပေါ်ရှိ တံတားအမှတ် (၂/၂၀) သံပေါင်ဘေလီတံတား တည်ဆောက်နေမှုကို လည်းကောင်း၊ ပျဉ်းမနားမြို့နယ် ဈေးကုန်းကျေးရွာ အလယ်တန်းကျောင်းခွဲ၊ ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၊ ထိန်ပင်ကျေးရွာအခြေခံပညာမူလတန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် နုန်းများ ဖယ်ရှားနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက်နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် ပင်လောင်းလမ်းနှင့် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးတွင် ရေလွှမ်းမိုးမှုကြောင့် တင်ကျန်ခဲ့သော နုန်းမြေများ ဖယ်ရှားခြင်းနှင့် လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး စက်ယန္တရားများနှင့် ရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းလျက်ရှိသည်။ **မိုး/ဇလ**

# ဆရာ ဆရာမများ၊ ဝန်ထမ်းများအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ မိုးလေဝသ သတင်းများကို အလေးထားပြင်ဆင်ရန်နှင့် သန်းခေါင်စာရင်းလုပ်ငန်းစဉ်များတွင် ပူးပေါင်းကူညီရန်လို

**နေပြည်တော် စက်တင်ဘာ ၁၈**

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေသည် ယနေ့နံနက်ပိုင်းတွင်တက္ကသိုလ်ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပညာရေးမှူးများနှင့် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) ရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ် ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများနှင့် ဖိတ်ကြားထားသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။



တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမများ၊ ဝန်ထမ်းများအနေဖြင့် မိုးလေဝသ သတင်းများနှင့် ရေကြီး၊ မိုးသည်း၊ မုန်တိုင်းစသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းများကို အလေးထား၍ သတိပြုကာ ကြိုတင်ပြင်ဆင်ထားကြရန် လိုပါကြောင်း၊ ယခုတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အချို့တွင် ရေဘေးအန္တရာယ်များနှင့် ကြုံတွေ့ခဲ့ရပါကြောင်း၊ ပညာရေးဝန်ကြီးဌာနတွင် ရေဘေးသင့်ကျောင်း ၁၄၆၉ ကျောင်းနှင့် ဆရာ ဆရာမ ဝန်ထမ်း ၉၅၁၈ ဦး ရေဘေးသင့်ခဲ့ကြပါကြောင်း၊ ရေဘေးသင့် ဆရာ ဆရာမများကို ရေဘေးကင်းလွတ်သည့် ဒေသများရှိပညာရေးဝန်ထမ်းမိသားစုများ၏ ဆန္ဒအလျောက် ကူညီမှုဖြင့် ထောက်ပံ့ကူညီသွားမည် ဖြစ်ပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ရေဘေးကြောင့် ထိခိုက်၊ ပျက်စီး၊ ဆုံးရှုံးမှုဆိုင်ရာ စာရင်းများကို မှန်မှန်ကန်ကန်နှင့် စနစ်တကျပြုစုပေးပို့ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ရေဘေးကျရောက်သောဒေသများတွင် မိမိတို့ကျောင်းအလိုက် လက်ရှိအနေအထားမှ တိုးတက်အောင် ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းများကို နှစ်ပတ်တစ်ကြိမ် ပေးပို့ကြရန်ဖြစ်ပါကြောင်း၊ ကျောင်းများအမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အားလုံးညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အောက်တိုဘာ ၁ ရက်တွင် နိုင်ငံတစ်ဝန်း သန်းခေါင်စာရင်း ကောက်ယူမည်ဖြစ်ရာ ဆရာ ဆရာမများ၊ ဝန်ထမ်းများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ လိုအပ်သည်များကို ဝိုင်းဝန်း ပူးပေါင်းဖြည့်ဆည်းပေးရန် အထူးမှာကြား လိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က လာမည့် စက်တင်ဘာ၂၁ ရက်မှ ၂၅ ရက်အတွင်း မိမိတို့နေရာဒေသအလိုက် မိုးလေဝသ အခြေအနေများကို အမြဲမပြတ် လေ့လာပြင်ဆင်ထားနိုင်ရေးအတွက်အသိပညာဖြန့်ဝေပေးထားကြရန်၊ ကျောင်းဥပမိရပ် ကောင်းမွန်ရေးကြီးကြပ်ဆောင်ရွက်ရန် ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်းက တောင်ပေါ်၊ မြစ်ချောင်း၊ ဆည်တမံအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မိုးလေဝသသတင်းကို အထူးဂရုစိုက် နေထိုင်ကြရန် ပြောကြားသည်။

ဆက်လက်၍ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများတွင် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အနုပညာဖန်တီးမှုများအား တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့ စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

အနုပညာဖန်တီးမှုများအား တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အနုပညာဖန်တီးမှုများအား တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အနုပညာဖန်တီးမှုများအား တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ် တားဆီးရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ယနေ့အစည်းအဝေးသည် အွန်လိုင်းမှ ရုပ်ရှင်များနှင့် ဗီဒီယိုဇာတ်ကားများကို တရားမဝင်ခိုးယူမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ကာကွယ်တားဆီးရေးအဖွဲ့၏ စတုတ္ထအကြိမ်မြောက် ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ တတိယအကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ခဲ့သည့် အချက်များအနက်မှ အင်တာနက်အသုံးပြုပြီး ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားများ ထုတ်လွှင့်ပြသနေသည့် အွန်လိုင်းပလက်ဖောင်းများ တရားဝင်လိုင်စင်ပြုလုပ်ပေးနိုင်ရေး မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဥပဒေများနှင့်အညီ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း။

ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြုပြီး ရုပ်ရှင်ရုံတည်ထောင်ခြင်း၊ ရုပ်ရှင်ဆိုင်ရာ Application များဖြင့်ထုတ်လွှင့်ခြင်း၊ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြုပြီး ရုပ်ရှင်ဇာတ်ကားများကို ထုတ်လွှင့်ပြသခြင်း စသည့်လုပ်ငန်းများကို စိစစ်ပြီး တရားဝင်ခွင့်ပြုပေးလျက်ရှိကြောင်း၊ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြုပြီး ထုတ်လွှင့်ပြသမည့် ရုပ်ရှင်ဇာတ်ကားများကို တင်ပြလာပါက စိစစ်ပေးနိုင်ရန် စိစစ်ရေးအဖွဲ့ကိုလည်း အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ရုပ်ရှင်နှင့် ဇာတ်ကားများ တရားမဝင်ခိုးယူဖြန့်ချိခြင်းများနှင့်စပ်လျဉ်း၍ တိုင်ကြားလာပါက အချိန်နှင့်တစ်ပြေးညီ အရေးယူဆောင်ရွက်နိုင်ရန် Contact List အဖြစ် အဖွဲ့ဝင်များ၏ ဖုန်းနံပါတ်များကို Viber နှင့် Telegram တို့တွင် Group များဖွဲ့ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ အွန်လိုင်းမှ ရုပ်ရှင်များနှင့် ဗီဒီယိုဇာတ်ကားများကို တရားမဝင် ခိုးယူပြီး ထုတ်လွှင့်နေမှုများကိုလည်း ပြည်သူများ သိရှိနိုင်ရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း။



ငွေကြေးအကုန်အကျခံကာ ထုတ်လုပ်ထားသည့် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ တရားမဝင်ခိုးယူဖြန့်ချိမှု ပပျောက်ရန် ဝိုင်းဝန်းတိုက်ဖျက်သွားကြရမည်ဖြစ်ပြီး မည်သို့ကာကွယ်ဆောင်ရွက်ရမည်ကို ဆွေးနွေးကြစေလိုကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် တည်ဆဲဥပဒေများနှင့်အညီ မြန်မြန်ဆန်ဆန်ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်ရန် နည်းလမ်းများကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အနုပညာဖန်တီးမှုများအား တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့ အတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆက်သွယ်တိုင်ကြားနိုင်ရေးအဖွဲ့ခွဲ၊ စောင့်ကြည့်စိစစ်လေ့လာရေးအဖွဲ့ခွဲ၊ နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးရေးအဖွဲ့ခွဲ၊ အရေးယူဆောင်ရွက်ရေးအဖွဲ့ခွဲနှင့် အသိပညာပေးရေးအဖွဲ့ခွဲများဖွဲ့စည်း ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တရားမဝင်ခိုးယူ ဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ အနုပညာဖန်တီးမှုများအား တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



# မင်္ဂလာတောင်ညွန့်ရောင်းဝယ်ရေးသမဝါယမအသင်း အစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့်ရောင်းဝယ်ရေး သမဝါယမအသင်း၏၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက လမ်း ၁၁၀၊ ပဲခူးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ယင်းအစည်းအဝေးတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဒေါ်ခင်မူယာက ဆောင်ရွက်ပြီး အသင်းကိစ္စများ ရှင်းလင်းပြောကြားခဲ့ကာ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးသက်ပြင်းက သမအသင်း၏ လုပ်ငန်းဆောင်ရွက်မှုများ၊သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အမှုဆောင်အစီရင်ခံစာ၊ ဘဏ္ဍာ ရေးရှင်းတမ်းနှင့် အသင်းသားစာရင်းစစ် အစီရင်ခံစာများကို အသင်းအမှုဆောင်နှစ်ဦးက ဖတ်ကြားရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် အသင်းသားများအား အစုပေါ်အမြတ်၊ အသင်းသားလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်**

# ဆူဒန်နိုင်ငံ၌ ငါးနှစ်အောက် ကလေး ၃ ဒသမ ၄ သန်း ကူးစက်ရောဂါဖြစ်နိုင်ခြေ မြင့်မားလျက်ရှိ

ခါတွမ် စက်တင်ဘာ ၁၈

ဆူဒန်နိုင်ငံ၌ ငါးနှစ်အောက်ကလေး ၃ ဒသမ ၄ သန်းသည် ကူးစက်ရောဂါဖြစ်နိုင်ခြေ မြင့်မားလျက်ရှိကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) က စက်တင်ဘာ ၁၇ ရက်တွင် အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ကြေညာသည်။

နိုင်ငံအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ကာလဝမ်းရောဂါ၊ ငှက်ဖျား၊ သွေးလွန်တုပ်ကွေး၊ ဝက်သက်နှင့် ဂျိုက်သိုးစသည့်ရောဂါများဖြစ်ပွားလျက်ရှိသည့်အတွက် ကလေးငယ်များ ရောဂါကူးစက်မှုအန္တရာယ် ပိုမိုမြင့်မားလျက်ရှိကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ ဌာနေကိုယ်စားလှယ် ရှယ်လ်ဒွန်ယက်က ပြောကြားသည်။

နိုင်ငံအတွင်း၌ လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများကြောင့် ကာကွယ်ဆေးထိုးမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ရေထောက်ပံ့မှုလျော့နည်းခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပျက်စီးခြင်းတို့အပါအဝင် ကလေးငယ်များ အာဟာရချို့တဲ့မှုတို့သည် ကူးစက်ရောဂါဖြစ်နိုင်ခြေကို ပိုမိုများပြားစေကြောင်း ၎င်းကပြောကြားသည်။



ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့က ဆူဒန်နိုင်ငံအတွက် ကာလဝမ်းရောဂါကာကွယ်ဆေး ၄၀၄၀၀၀ ကို စက်တင်ဘာ ၉ ရက်တွင် ထောက်ပံ့ပေးခဲ့ကြောင်းလည်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိတွင် ပဋိပက္ခဖြစ်ပွားရာဒေသများရှိ ဆေးရုံများ၏ ၇၀ ရာခိုင်နှုန်းကျော်သည် လုပ်ငန်းလည်ပတ်နိုင်ခြင်းမရှိသေးသည့်အပြင် ကျန်းမာရေးဝန်ထမ်းများကို လအတော်ကြာ အခကြေးငွေမပေးနိုင်သေးကြောင်း သိရသည်။

၂၀၂၃ ခုနှစ် ဧပြီလတွင် ဆူဒန်တပ်မတော်နှင့် လက်နက်ကိုင်တပ်ဖွဲ့များကြား တိုက်ပွဲများ ဖြစ်ပွားပြီးကတည်းက ကာလဝမ်း၊ ငှက်ဖျား၊ ဝက်သက်နှင့် သွေးလွန်တုပ်ကွေးကဲ့သို့သော ကူးစက်ရောဂါများ ပျံ့နှံ့ခဲ့ပြီး လူ ရာနှင့်ချီသေဆုံးခဲ့ကြောင်း သိရသည်။ ပဋိပက္ခကြောင့် အနည်းဆုံး ၁၆၆၅၀ သေဆုံးပြီး သန်းနှင့်ချီသောပြည်သူများ အိုးမဲ့အိမ်မဲ့ ဖြစ်စေခဲ့သည်။

ဆူဒန်ကျန်းမာရေးဝန်ကြီး ဟိုင်သမ်မိုဟာမက် အီဘရာဟင်သည် နိုင်ငံအတွင်း ကာလဝမ်းရောဂါဖြစ်ပွားကြောင်း ဩဂုတ် ၁၇ ရက်တွင် တရားဝင်ကြေညာခဲ့သည်။ ကာလဝမ်းရောဂါပျံ့နှံ့မှုသည် ပဋိပက္ခနှင့် မသန့်ရှင်းသောရေအသုံးပြုမှုတို့ကြောင့် သဘာဝပတ်ဝန်းကျင်အခြေအနေ ယိုယွင်းလာရခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဇူလိုင် ၁၅ ရက်မှ စက်တင်ဘာ ၁၆ ရက်အထိ နိုင်ငံအတွင်း သေဆုံးသူ ၃၂၈ ဦးအပါအဝင် ကာလဝမ်းရောဂါဖြစ်ပွားသူ ၁၀၀၂၂ ဦးရှိကြောင်း ဆူဒန်ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၇ ရက်တွင် ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# သီရိလင်္ကာနိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါခံစားရသူ ၃၈၀၀၀ ကျော်ရှိ

ကိုလံဘို စက်တင်ဘာ ၁၈

သီရိလင်္ကာနိုင်ငံ၌ ဇန်နဝါရီလမှ စက်တင်ဘာ ၁၇ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါခံစားရသူပေါင်း ၃၈၀၀၀ ကျော်ရှိကြောင်း အမျိုးသားသွေးလွန်တုပ်ကွေးရောဂါထိန်းချုပ်ရေးဌာနမှ နောက်ဆုံးထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၁၇ ဦးရှိကြောင်း အဆိုပါ အချက်အလက်များအရ သိရသည်။ နိုင်ငံ၏လူဦးရေအများဆုံးဖြစ်သည့် အနောက်ပိုင်းခရိုင်တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှု အများဆုံးဖြစ်သည်။ အဆိုပါခရိုင်၌ ရောဂါကူးစက်ခံရသူပေါင်း ၁၆၀၂၁ ဦးရှိပြီး နိုင်ငံတစ်ဝန်းရောဂါဖြစ်ပွားသူအားလုံး၏ ၄၁ ဒသမ ၉ ရာခိုင်နှုန်းဖြစ်သည်။

ထို့ပြင် မြောက်ပိုင်းခရိုင်၌ ရောဂါဖြစ်ပွားသူပေါင်း ၄၇၄၄ ရှိပြီး ရောဂါဖြစ်ပွားသူအားလုံး၏ ၁၂ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အမျိုးသားသွေးလွန်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးဌာနကလည်း သွေးလွန်တုပ်ကွေးဖြစ်နိုင်ခြေ မြင့်မားသည့်ဒေသ ၁၀ ခုကို ထုတ်ပြန်ကြေညာခဲ့သည်။ ပြီးခဲ့သည့်နှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၈၈၀၀၀ ကျော်ရှိပြီး သေဆုံးသူ ၅၇ ဦးရှိကြောင်း အမျိုးသားသွေးလွန်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးဌာနက ပြောသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**



# ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း၌ မုန်တိုင်းကြိုတင်ကာကွယ်ရေးအစီအမံများ ဆောင်ရွက်

ဟန္နိုင်း စက်တင်ဘာ ၁၈

ဗီယက်နမ်နိုင်ငံ ပါယာဆယ်ကျွန်းအရှေ့ဘက် ၂၁၃ ကီလိုမီတာတွင် ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်းသည် မုန်တိုင်းအဖြစ်ကူးပြောင်းရန် အားကောင်းလာသဖြင့် ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ကမ်းရိုးတန်းဒေသရှိရေယာဉ်များအား ကမ်းခြေမှရေပြင်သို့ ထွက်ခွာခွင့်ပိတ်ပင်ထားကြောင်း သိရသည်။

ကမ်းရိုးတန်းဒေသအနီးတွင် နေထိုင်သူများအား နေအိမ်များ မုန်တိုင်းဒဏ်ခံနိုင်ရေးပြုပြင်ထားကြရန်နှင့် မုန်တိုင်းသတင်းများကို မျက်ခြည်မပြတ်စောင့်ကြည့်ကြရန် တာဝန်ရှိသူများက သတိပေးပြောကြားခဲ့ကြောင်း သိရသည်။



လက်ရှိအချိန်တွင် ကွမ်နန်ပြည်နယ် ဟိုအန်းမြို့၌ ကမ္ဘာလှည့်ခရီးသွားများအတွက် ကူလာအိုချမ်းကျွန်းသို့ အပန်းဖြေခရီး ပြေးဆွဲနေသည့် ရေယာဉ်များအား ပြေးဆွဲခွင့်ပိတ်ထားပြီး သဘာဝဘေးဆိုင်ရာကြိုတင်ကာကွယ်ရေးအစီအမံများကိုလည်း ဆောင်ရွက်ထားကြောင်း ဟိုအန်းမြို့ ပြည်သူ့ကော်မတီအကြီးအကဲ ငုယင်ဗန်ဆောင်က ပြောကြားသည်။

အလားတူ ပင်လယ်ပြင်၌သွားလာနေသည့် ငါးဖမ်းသင်္ဘော ၂၀၆ စင်းတွင် လုပ်သား ၁၉၄၂ ဦး လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ယင်းငါးဖမ်းသင်္ဘောများအား စိတ်ချရသည့်နေရာတွင် ခိုလှုံနေထိုင်ရန် ညွှန်ကြားထားကြောင်း ကွမ်နန်းပြည်နယ် နယ်ခြားစောင့်တပ်ဖွဲ့ဌာနချုပ်က ပြောကြားသည်။

ဒါနန်းမြို့တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းခဲ့ကာ မြို့လယ်ရှိလမ်းမများပေါ်တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည်။ ဒါနန်းမြို့တွင် စက်တင်ဘာ ၂၀ ရက်အထိ မိုးများအဆက်မပြတ်ရွာသွန်းနိုင်ပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားနိုင်ကြောင်း မိုးလေဝသအေဂျင်စီများက သတိပေးသည်။ ကွမ်အန်ဂီပြည်နယ်တွင်လည်း စက်တင်ဘာ ၁၈ ရက်မှစတင်၍ ငါးဖမ်းသင်္ဘောများအား ပင်လယ်ပြင်သို့ထွက်ခွာခြင်းကို တားမြစ်ခဲ့ပြီး သဘာဝဘေးကျရောက်နိုင်သည့်ဒေသများတွင် နေထိုင်သူများအား ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးကာ ရေကြီးရေလျှံမှုကာကွယ်ရေးအစီအမံများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဗီအင်န်အိတ်ပရတ်စ်၊ ဘာသာပြန် – စိုးသူရ**

# ဖိလစ်ပိုင်နိုင်ငံ၌ အပူပိုင်းတိုင်ဖွန်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် ၂၀ သေဆုံးပြီး ၁၄ ဦးပျောက်ဆုံး

မနီလာ စက်တင်ဘာ ၁၈

ဖိလစ်ပိုင်နိုင်ငံ၌ မကြာသေးမီက ဖာဒီနှင့် ဂီနာ အပူပိုင်းတိုင်ဖွန်းမုန်တိုင်းများ တိုက်ခတ်မှုနှင့် အနောက်တောင်မုတ်သုံရာသီဥတု၏အကျိုးဆက်ကြောင့်အနည်းဆုံး ၂၀ သေဆုံးပြီး ၁၄ ဦး ပျောက်ဆုံးနေကြောင်း ဖိလစ်ပိုင်အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ယနေ့ပြောကြားသည်။

ပြီးခဲ့သည့်သီတင်းပတ်မှစတင်၍ ပလာဝန်ပြည်နယ်အပါအဝင် အခြားဒေသများ၌ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည်။

၎င်းမုန်တိုင်းများ ဝင်ရောက်တိုက်ခတ်မှုကြောင့် ဒေသ ၁၂ ခုမှ ပြည်သူခြောက်သိန်းခန့် ထိခိုက်ခံစားခဲ့ရပြီး အိမ်ခြေ ၉၃၀နှင့် အခြေခံအဆောက်အအုံအများအပြား ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း တစ်နှစ်လျှင် တိုင်ဖွန်းမုန်တိုင်းအကြိမ် ၂၀ ခန့်ဝင်ရောက်တိုက်ခတ်လေ့ရှိပြီး မုန်တိုင်းတိုက်ခတ်မှုကြောင့် ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းများဖြစ်ပွားကာ ကောက်ပဲသီးနှံများနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးလေ့ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံ၌ မိုးများရွာသွန်းပြီး မိုးကြိုးမုန်တိုင်းများ တိုက်ခတ်နိုင်သဖြင့် သတိပြုနေထိုင်ကြရန် ပြည်သူများအားသတိပေး

ဖနောင်ပင် စက်တင်ဘာ ၁၈

ကမ္ဘောဒီးယားနိုင်ငံ၌ စက်တင်ဘာ ၁၈ ရက်မှ ၂၃ ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး မိုးကြိုးမုန်တိုင်းများတိုက်ခတ်ကာ မိုးကြိုးပစ်နိုင်သည့်အခြေအနေများ ဖြစ်ပေါ်လာနိုင်သည့်အတွက် နိုင်ငံသားများအား သတိပြုနေထိုင်ကြရန် ရေအရင်းအမြစ်နှင့် မိုးလေဝသဆိုင်ရာဝန်ကြီးဌာနက သတိပေးချက်များ ယနေ့ထုတ်ပြန်ထားကြောင်း သိရသည်။

**ဦးတည်ရွေ့လျား**

လက်ရှိအချိန်တွင် တောင်တရုတ်ပင်လယ်၌ ဖြစ်ပွားနေသည့် အပူပိုင်းလေဖိအားနည်းရပ်ဝန်းသည် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းကမ်းရိုးတန်းဒေသများနှင့် မဲခေါင်မြစ်ဝှမ်းသို့ ဦးတည်ရွေ့လျားလျက်ရှိသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ၎င်းလေဖိအားနည်းရပ်ဝန်းနှင့် အနောက်တောင်မုတ်သုံရာသီဥတု၏ အကျိုးဆက်များကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးမုန်တိုင်းများတိုက်ခတ်ခြင်းနှင့် လေပြင်းများတိုက်ခတ်ခြင်းတို့ဖြစ်လာနိုင်ကြောင်း မိုးလေဝသပညာရှင်များက ပြောကြားသည်။

ပရာဆီဟန်နောပြည်နယ်အတွင်း စက်တင်ဘာ ၁၇ ရက် ညက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။ သဘာဝဘေးများ ဖြစ်ပေါ်လာပါက ဒေသခံများအားဘေးလွတ်ရာသို့ ရွှေ့ပြောင်းရေးအပါအဝင် လိုအပ်သည့်အကူအညီများ ပေးအပ်ရန် တာဝန်ရှိသူများနှင့် တပ်မတော်သားများအား ညွှန်ကြားထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် တိုင်ဖွန်းမုန်တိုင်းရာဂီ ဝင်ရောက်တိုက်ခတ်မှုကြောင့် အရှေ့တောင်အာရှဒေသနိုင်ငံများတွင် လူသေပျောက်မှုနှင့်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

**ကိုးကား – ဖနောင်ပင်ပို့စ်**
**ဘာသာပြန် – စိုးသူရ**

# ဝန်ဆောင်မှုကဏ္ဍနှစ်ခု၏ လူသားအရင်းအမြစ်အပေါ်အမြင်

ဆေးရုံဟုအဓိပ္ပာယ်ရသော (Hospital) ဆိုသည့် အင်္ဂလိပ်စကားလုံးနှင့် ဧည့်ဝန်ဆောင်မှုဟု ခေါ်ဆိုသည့် (Hospitality) ဆိုသော အင်္ဂလိပ်ဝေါဟာရနှစ်ခုသည် စာလုံးပေါင်း၊ အသံထွက် တော်တော်လေး ဆင်တူသည့် စကားလုံးနှစ်လုံးဖြစ်သည်။

Hospitality (ဧည့်ဝန်ဆောင်မှု) ဟူသော ဝေါဟာရသည် ဧည့်သည်များကို ဝန်ဆောင်မှုပေးခြင်း၊ ဧည့်ဝတ်ပျူငှာခြင်းဟု အဓိပ္ပာယ်ဖွင့်ပြောဆိုအသုံးပြုကြရာ ထိုစကားလုံးသည် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးရသော ဟိုတယ်လုပ်ငန်းနှင့် သက်ဆိုင်မည်ဖြစ်ပြီး Hospitalဆိုသည်ကတော့ဆေးရုံကိုခေါ်ဝေါ်သည်ကို အများသိပြီးဖြစ်သည်။ ဟိုတယ်ဝန်ဆောင်မှု၊ ဧည့်ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍကို (Hospitality Industry)၊ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း၊ ဧည့်ဝန်ဆောင်မှုသင်တန်းများကို (Hospitality Training) ဟု ခေါ်ဆိုအသုံးပြုကြသည်ကို တွေ့ရှိရသည်။

သို့ဖြစ်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုလုပ်ငန်းတို့သည် ရုတ်တရက်ကြည့်လိုက်လျှင် ဆက်စပ်မှုမရှိဟု ယူဆထင်မှတ်ဖွယ်ဖြစ်သည်။ သို့ရာ၌ အသေအချာလေ့လာကြည့်မည်ဆိုပါက လက်တင်ဝေါဟာရအရင်းအမြစ်တစ်ခုထဲကို မျှဝေသုံးစွဲထားဖွယ်ရှိသော စကားလုံးနှစ်လုံးသည် ဝေါဟာရအရရော အနက်အဓိပ္ပာယ်အရပါ ဆက်နွယ်လျက်ရှိသည်။

### နှစ်ခုတူညီသည့်အချက်

ဆေးရုံ၏ အဓိကရည်ရွယ်ချက်သည် မကျန်းမာသူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန်ဖြစ်သည်။ နာမကျန်းဖြစ်သူများကို ရောဂါမှ ပြန်လည်သက်သာကျန်းမာလာစေရန်အတွက် လိုအပ်သည်များ ဆောင်ရွက်ပေးရန်မှာ ဆေးရုံတစ်ရုံ၏ ပင်မလုပ်ငန်းရပ်တစ်ခုဖြစ်သည်။ ဟိုတယ်၏ အဓိကရည်ရွယ်ချက်မှာမူ လာရောက်တည်းခိုနေထိုင်သူ (ဝါ) ဧည့်သည်များကို လုံခြုံသော၊ သက်သောင့်သက်သာရှိသော နေရာထိုင်ခင်းဖြင့် ဝန်ဆောင်မှုပေးရန်ဖြစ်ပါသည်။ ဟိုတယ်သည် နားခိုရန်လိုအပ်လာသောသူများကို နေရာထိုင်ခင်း၊ စားသောက်ဖွယ်ရာများဖြင့် ကြိုဆိုဧည့်ခံရာနေရာဖြစ်သည်ဟု ဆိုရပေမည်။ သို့သော် နှစ်ခုတူညီသည့်အချက်မှာ လာရောက်သူများကို လုံခြုံသက်သောင့်သက်သာရှိသောပတ်ဝန်းကျင်နှင့် လိုအပ်သည့်ဖြည့်ဆည်းဆောင်ရွက်မှုများကို ပြုလုပ်ပေးရန်ဖြစ်သည်။ ဆေးရုံတွင် လူနာဖြစ်၍ ဟိုတယ်တွင် ဧည့်သည်ဖြစ်သွားသည်သာဖြစ်သည်။

ဆေးရုံတို့၏ လုပ်ဆောင်ချက်ကို ယေဘုယျအားဖြင့်ကြည့်ခြင်းမှာ ၎င်းတို့၏ အမြင့်မားဆုံးပေးနိုင်သည့် ပြုစုကုသမှုဖြစ်သည်ဟုဆိုရမည်။ ဟိုတယ်တို့အတွက်မူ သက်သောင့်သက်သာရှိမှုနှင့် ဝန်ထမ်းများ၏ ဧည့်ဝတ်ကျေပွန်မှုတို့သည် အမြင့်မားဆုံးပေးရမည့်ဝန်ဆောင်မှုဖြစ်သည်။ ထို့အပြင် ဟိုတယ်တို့အတွက် အစားအသောက်နှင့် အခြားသော ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ဆောင်မှုနှင့် ဖျော်ဖြေမှုတို့သည် မရှိမဖြစ် အရေးပါသောအရာများဖြစ်သည်။

> ❝ ဟိုတယ်လုပ်ငန်း၌ တချို့အလုပ်သင်များတွင် တွေ့ရတတ်သည့် လွဲမှားနေသောအယူအဆတစ်ခုမှာ ဟိုတယ်လုပ်ငန်းခွင်သို့ ယခုမှ စတင်ဝင်ရောက်ကြမည့် လူငယ်များသည် Front of the House အလုပ်များကိုသာ ဝင်ရောက်လုပ်ကိုင်လိုကြပြီး Back of the House အလုပ်များကို လုပ်ကိုင်ရန် စိတ်အားထက်သန်မှုနည်းပါးခြင်းဖြစ်သည်။ အချို့သူများက Back of the House အလုပ်များသည် နိမ့်ပါးသည်ဟု အယူအဆအမှား ဖြစ်နေခြင်းဖြစ်သည်။ သို့ရာတွင် အလုပ်ဟူသည်ကား သူ့နေရာနှင့်သူ၊ သူ့ကျွမ်းကျင်မှုနှင့်သူ၊ သူ့တန်ဖိုးနှင့်သူသာဖြစ် ❞

ဆေးရုံတစ်ရုံနှင့် ဟိုတယ်တစ်လုံးတို့၏ တူညီသော အခြားတစ်ချက်မှာ ရှေ့မျက်နှာစာတွင် အလုပ်လုပ်ရသောသူ (Front of the House) နှင့် နောက်ကွယ်တွင် အလုပ်လုပ်ရသောသူ (Back of the House) သဘောတရားရှိခြင်းပင်ဖြစ်သည်။ Front of the House နှင့် Back of the House သဘောတရားကို အလွယ်တကူပြရသော် Front of the House သည် စားသုံးသူ (ဧည့်သည် သို့မဟုတ် လူနာ)နှင့် ထိတွေ့ဆက်ဆံရသော လုပ်ငန်း/ဝန်ထမ်းများဖြစ်ပြီး Back of the House သည် လူနာ သို့မဟုတ် ဧည့်သည်တို့နှင့် ထိတွေ့ဆက်ဆံခြင်း မပြုရသော အလုပ်များကို လုပ်ကိုင်ရသည့်ဝန်ထမ်းများရှိသည့် နေရာ (ဝါ) လုပ်ငန်းခွင်ဖြစ်သည်။ ဤနေရာ၌ စားသုံးသူဟုသုံးစွဲခြင်းမှာ ယနေ့ကာလတွင် ဆေးရုံများသည် ကျန်းမာရေးဝန်ဆောင်မှုပေးရာဌာနများဟု ကျယ်ကျယ်ပြန့်ပြန့် ခံယူလာကြပြီး ဆေးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု ခံယူကြသူများသည် ဝန်ဆောင်မှုယူသူ သို့တည်းမဟုတ် စားသုံးသူများ (Consumers of health care service) ဟု နားလည်လက်ခံလာကြသောကြောင့်ဖြစ်ပါသည်။ ဟိုတယ်များသည်လည်း ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများဖြစ်ရာ ဝန်ဆောင်မှု ပင်မရေစီးကြောင်း လုပ်ငန်းများသဖွယ်သဘောသဘာဝကဏ္ဍနှစ်ခုတူညီလာခြင်းဖြစ်ပါသည်။

### အလုပ်ဟူသည်ကား သူ့တန်ဖိုးနှင့်သူသာ

ဟိုတယ်လုပ်ငန်း၌ တချို့အလုပ်သင်များတွင် တွေ့ရတတ်သည့် လွဲမှားနေသောအယူအဆတစ်ခုမှာ ဟိုတယ်လုပ်ငန်းခွင်သို့ ယခုမှ စတင်ဝင်ရောက်ကြမည့် လူငယ်များသည် Front of the House အလုပ်များကိုသာ ဝင်ရောက်လုပ်ကိုင်လိုကြပြီး Back of the House အလုပ်များကို လုပ်ကိုင်ရန် စိတ်အားထက်သန်မှုနည်းပါးခြင်းဖြစ်သည်။ အချို့သူများက Back of the House အလုပ်များသည် နိမ့်ပါးသည်ဟု အယူအဆအမှားဖြစ်နေခြင်းဖြစ်သည်။ ရှေ့မျက်နှာစာတွင် ယူနီဖောင်း လုလုပပ ကြော့ကြော့မော့မော့နှင့် ချိုသာသော အပြုံးများကို ဝင့်ကြွားစွာပန်ဆင်ကာ ဘာသာစကားတစ်မျိုးမျိုးကို လေယူလေသိမ်းကောင်းကောင်းဖြင့် ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုလုပ်ကိုင်ရသော အလုပ်များကိုသာ လုပ်ကိုင်လိုကြသည်။ သို့ရာတွင် အလုပ်ဟူသည်ကား သူ့နေရာနှင့်သူ၊ သူ့ကျွမ်းကျင်မှုနှင့်သူ၊ သူ့တန်ဖိုးနှင့်သူသာဖြစ်သည်။

Back of the House အလုပ်များတွင်လည်း အဆင့်မြင့်ပညာရပ်များနှင့် ကျွမ်းကျင်မှုတို့အပေါ် အခြေခံသော အလုပ်များ၊ လုပ်ခလစာမြင့်မားသော အလုပ်အကိုင်များလည်းရှိသည်။ ဥပမာ-စာရင်းကိုင်၊ စားဖိုမှူး၊ ဈေးကွက်ရှာဖွေရေးစသော အလုပ်အကိုင်များသည် Back of the House အလုပ်များဖြစ်စေကာမူ ကျွမ်းကျင်မှုနှင့် လုပ်ခလစာကောင်းမွန်သော အလုပ်များဖြစ်ကြသည်။ ဆိုလိုသည်မှာ ဆေးရုံနှင့် ဟိုတယ်တို့တွင် တူညီသောလုပ်ငန်းခွင်အနေအထားနှင့် လာရောက်သော လူနာ/ဧည့်သည်တို့ကို စိတ်ကျေနပ်မှုအပြည့်အဝပေးရန်ဟူသော တူညီသည့် ရည်မှန်းချက်ရှိကြသည်ကို တင်ပြလိုခြင်းဖြစ်သည်။

မိမိအနေဖြင့် ၎င်းလုပ်ငန်းနှစ်ခုလုံးတွင် တူညီသည့်အရေးပါသောအချက်တစ်ချက်မှာ လူ့စွမ်းအားအရင်းအမြစ်အပိုင်းဖြစ်သည်ဟု ဆိုချင်သည်။ လုပ်ငန်းနှစ်ခုလုံးသည် လုပ်ငန်းများ အောင်မြင်စေရေးအတွက် ကျွမ်းကျင်သောဝန်ထမ်းနှင့် လုပ်ငန်းပမာဏနှင့်မျှတသည့် ဝန်ထမ်းအင်အားရှိရေးသည် အရေးကြီးသည်။ ဟိုတယ်တစ်လုံးတွင် ခရီးသွားရာသီ၌ လေ့ကျင့်သင်ကြားပေးထားသော ကျွမ်းကျင်မှုရှိသည့် ဝန်ထမ်းများမရှိခြင်း သို့မဟုတ် ဟိုတယ်ရှိ အခန်းအရေအတွက်နှင့်မျှတသော ဝန်ဆောင်ပေးနိုင်သည့် ဝန်ထမ်းအင်အားမရှိခြင်းတို့သည် ၎င်းဟိုတယ်အတွက် ရေတိုအကျိုးရလဒ်များ ဆုံးရှုံးသည်သာမက ဟိုတယ်ရေရှည်တည်တံ့ခိုင်မြဲရေးကို ထိခိုက်စေနိုင်သည်။ ဆေးရုံများတွင်လည်း အလားတူပင်ဖြစ်မည်ဖြစ်သည်။ အလုပ်ဟူသည်ကား သူ့နေရာနှင့်သူ၊ သူ့ကျွမ်းကျင်မှုနှင့်သူ၊ သူ့တန်ဖိုးနှင့်သူသာဖြစ်သည်ဟု ရှေ့တွင်ဆိုခဲ့ပြီးသည့်အတိုင်း Front of the House (FOH) နှင့် Back of the House (BOH) ဝန်ထမ်းအင်အားမျှတမှုရှိရန်လည်း လိုအပ်ပါသည်။

> ❝ လုပ်ငန်းနှစ်ခုလုံးသည် လုပ်ငန်းများ အောင်မြင်စေရေးအတွက် ကျွမ်းကျင်သောဝန်ထမ်းနှင့် လုပ်ငန်းပမာဏနှင့်မျှတသည့် ဝန်ထမ်းအင်အားရှိရေးသည် အရေးကြီးသည်။ ဟိုတယ်တစ်လုံးတွင် ခရီးသွားရာသီ၌ လေ့ကျင့်သင်ကြားပေးထားသော ကျွမ်းကျင်မှုရှိသည့် ဝန်ထမ်းများမရှိခြင်း သို့မဟုတ် ဟိုတယ်ရှိ အခန်းအရေအတွက်နှင့်မျှတသော ဝန်ဆောင်ပေးနိုင်သည့် ဝန်ထမ်းအင်အားမရှိခြင်းတို့သည် ၎င်းဟိုတယ်အတွက် ရေတိုအကျိုးရလဒ်များ ဆုံးရှုံးသည်သာမက ဟိုတယ်ရေရှည်တည်တံ့ခိုင်မြဲရေးကို ထိခိုက်စေနိုင်သည်။ ဆေးရုံများတွင်လည်း အလားတူပင်ဖြစ်မည် ❞

**စည်သူကျော်**

ဆရာဝန်နှင့် သူနာပြု မလုံလောက်သော ဆေးရုံများတွင် မည်မျှကသီလင်တန်ငြင်သည်ကို သက်ဆိုင်ရာ ဆေးလောကသားများသာမက ဆေးလောကပြင်ပမှ ပုဂ္ဂိုလ်များလည်း သိမြင်ခန့်မှန်းနိုင်သည်။ လုပ်ငန်းခွင်၌ အချိန်ကြာမြင့်စွာ အလုပ်လုပ်ရခြင်း၊ ဆက်ဆံရခက်ခဲသော လူနာများနှင့် ထိတွေ့ဆက်ဆံခြင်းတို့ကြောင့် ၎င်းတို့၏ ကိုယ်ကာယနှင့် စိတ်ပိုင်းဆိုင်ရာ ပင်ပန်းနွမ်းနယ်မှုများဖြစ်နိုင်ပြီး ၎င်းသည် လုပ်ငန်းခွင်သာယာဝပြောမှုကို ရေရှည်တွင် ထိခိုက်စေမည်ဖြစ်သည်။ အလားတူပင် ဟိုတယ်လုပ်ငန်းကဏ္ဍ၌လည်း ဧည့်သည်ကို ဝန်ဆောင်မှုပေးသော ဝန်ထမ်းများ (ဥပမာ-အိပ်ခန်းဆောင် ထိန်းသိမ်းရေးဝန်ထမ်းများ (BOH)၊ ဧည့်ကြိုဝန်ထမ်းများ (FOH)) မလုံလောက်ခြင်းကြောင့် လုပ်ငန်းခွင်အတွင်း အချိန်ကြာမြင့်စွာ နေထိုင်လုပ်ကိုင်ရပြီး (လုပ်ငန်းခွင်အခေါ်အရ) ရစ်တတ်သောဧည့်သည်များနှင့်တွေ့ပါက လုပ်ငန်းစိတ်ပင်ပန်းဖြစ်ရသည်ကို လုပ်သက်ရင့်ဟိုတယ်ဝန်ထမ်းတော်တော်များများ ခံစားဖူးကြပေမည်။

ထို့ကြောင့် ဟိုတယ်များသည် ခရီးသွားရာသီမတိုင်မီ အဆောက်အအုံပြုပြင်မွမ်းမံခြင်း၊ လိုအပ်သည့် ပစ္စည်းပစ္စယအသုံးအဆောင်များ ဖြည့်တင်းခြင်းစသည်တို့သာမက လုံလောက်သောကျွမ်းကျင်ဝန်ထမ်းများရရှိရေးအတွက်ကိုလည်း ဦးစားပေးဆောင်ရွက်ကြရသည်။ ဧည့်သည်ပါးသော မိုးရာသီကာလများတွင် ဝန်ထမ်းများအတွက် လေ့ကျင့်သင်ကြားရေးအစီအမံများကို အကောင်အထည်ဖော်ကြရသည်။ မိုးလွန်မှထွန်ချသော် အကျိုးမရှိဖြစ်ချေမည်။

### မျှော်မှန်းချက်ပန်းတိုင်ကို ပေါက်မြောက်အောင်မြင်စေသော အရေးကြီးသည့်အချက်

ဝန်ဆောင်မှုကဏ္ဍနှင့်ပတ်သက်၍ မကြာခဏ တွေ့ရှိလာရသော အသုံးအနှုန်းတစ်ခုမှာ Service Profit Chain Model ဟူသောအသုံးအနှုန်းဖြစ်သည်။ မြန်မာလို အသုံးအနှုန်းကို ပညာရှင်များပြန်ဆိုပေးသော် အကျိုးများနိုင်မည်ဖြစ်သည်။ သဘောတရားအရမူ ဤသို့တင်ပြပါရစေ။ ဝန်ထမ်းများ၏ လုပ်ငန်းခွင်အတွင်း အလုပ်လုပ်ကိုင်ရာ၌ ကျေနပ်ပျော်ရွှင်မှုသည် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်း၏ မျှော်မှန်းချက်ပန်းတိုင်ကို ပေါက်မြောက်အောင်မြင်စေသော အရေးကြီးသည့်အချက် (Staff satisfaction to patient/ guest satisfaction) ဖြစ်သည်ဆိုခြင်းဖြစ်ပါသည်။ စားသုံးသူစိတ်ကျေနပ်မှုသည် စားသုံးသူများ၏ ကိုယ့်ထုတ်ကုန်အပေါ် သို့မဟုတ် ဝန်ဆောင်မှုအပေါ် သစ္စာရှိမှု (Customer loyalty) သို့ ဦးတည်သည်။ ထိုမှတစ်ဆင့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်း၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အကျိုးအမြတ်တိုးတက်ရရှိမှုသို့ ဆက်လက်ဦးတည်သည် ဖြစ်ပါသည်။

သို့ဖြစ်ရာ ဆင်မယောင်နှင့်ကျွဲ၊ လွဲမယောင်နှင့် တူသော ကဏ္ဍနှစ်ခုကို ယှဉ်တွဲ၍ လုပ်ငန်းသဘောသဘာဝကို လူသားအရင်းအမြစ်နှင့် ဝန်ဆောင်မှုအမြင်ရှုထောင့်မှ ချဉ်းကပ်တင်ပြခြင်းဖြစ်ပါသည်။ လက်ရှိတွင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်နေသော နိုင်ငံများမှ လူသားအရင်းအမြစ်များသည် အကြောင်းအမျိုးမျိုးကြောင့် လျော့ပါးဆုံးရှုံးရလျက်ရှိရာ တာဝန်ရှိသူအသီးသီးက အလေးဂရုပြုဆောင်ရွက်နိုင်ပါရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

## စမုံဆည်ကျိုး၍ ရွာပေါင်း ၂၀ကျော် အပျက်အစီးများပြီး လူသောင်းနှင့်ချီ အကူအညီလိုအပ်နေကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်တွင် စမုံဆည်ကျိုးကျ၍ ဆည်အောက်ဘက်ရှိ ကျေးရွာပေါင်း ၂၀ ကျော် ရေဘေးသင့်ခဲ့ရပြီး ရေပြန်ကျချိန်တွင် အပျက်အစီး များသည့်အတွက် အကူအညီ လိုအပ်နေသည်ဟု သတင်းအတု၊ သတင်းအမှားများ ရေးသားထုတ်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဆည်မြောင်းဦးစီးဌာနအနေဖြင့် ယင်းကဲ့သို့ ဆည်ရေကျိုးပေါက်ခြင်း မရှိကြောင်း၊ ဆည်ရေများပြည့်လျှံ၍ ဖောက်ချရမည့်အခြေအနေ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့တင်ပြပြီး အသိပေးကြေညာချက် ထုတ်ပြန်ကာ ဒေသခံပြည်သူများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပြီးမှသာ ပြုလုပ်ရကြောင်း၊ ထို့ပြင် ရေဘေးသင့်ပြည်သူများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် စေတနာရှင် အလှူရှင်များက ရေဘေးသင့်နေရာများသို့ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းကို ယင်းမြို့နယ်မှတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရပြီး တရားမဝင်ပြည်ဖျက်မီဒီယာများက မီဒီယာကျင့်ဝတ်များအား ချိုးဖောက်၍ ပြည်သူလူထု စိုးရိမ်ထိတ်လန့်မှုဖြစ်စေရန် လုပ်ကြံရေးသားထားသည့် သတင်းအမှားကို ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## ကျောက်ကြီးမြို့နယ်ရှိ ကျေးရွာများကို တပ်မတော်က ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ရှစ်လအရွယ် ကလေးငယ် တစ်ဦး အပါအဝင် ပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရရှိပြီး ဘုရားကျောင်းနှင့် နေအိမ်များ ပျက်စီးခဲ့ကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်ရှိ ကျေးရွာများကို တပ်မတော်က ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ရှစ်လအရွယ် ကလေးငယ် တစ်ဦး အပါအဝင် ပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရရှိပြီး ဘုရားကျောင်းနှင့် နေအိမ်များ ပျက်စီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ ၎င်းဒေသများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူလူထုနှင့် ပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်နေစဉ် အကြမ်းဖက် သောင်းကျန်းသူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒရုန်းများဖြင့် လာရောက်တိုက်ခိုက်ရာမှ ဗုံးသီးများသည် အရပ်သားပြည်သူများနေထိုင်ရာ လူနေအိမ်များပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ပြည်သူအချို့ ထိခိုက်သေဆုံးခဲ့ရကြောင်း၊ ယခုအခါ ပြည်သူလူထုအနေဖြင့် အကြမ်းဖက်သမားများ၏ လူမဆန်သည့်လုပ်ရပ်များအား ရွံ့ရှာမုန်းတီးနေပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများ၏ တစ်ဖက်သတ် စွပ်စွဲရေးသားချက်များနှင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များအား ဖုံးကွယ်ပေးရန်အတွက် သတင်းမှားများဖြင့် ဝါဒဖြန့် မှိုင်းတိုက်နေသည်ကို သိမြင်လာပြီဖြစ်ကြောင်း ဒေသခံပြည်သူများ၏ ဆက်သွယ်ပြောကြားလာချက်အရ သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၉-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၅၀ | ၃၁၃၅ | ၃၁၁၀ | ၃၀၆၀ | ၃၁၃၅ | ၃၁၄၅ | ၃၁၆၀ | ၃၁၁၅ | ၃၂၄၀ | ၃၂၇၀ | ၃၁၂၀ | ၃၁၄၀ | ၃၁၇၀ | ၃၁၆၀ | ၃၁၇၀ | ၃၅၇၅ | ၄၉၀၀ |
| 95 Ron | ၃၁၉၅ | ၃၂၇၅ | ၃၂၅၅ | ၃၂၀၅ | ၃၂၈၀ | ၃၂၉၀ | ၃၃၀၅ | ၃၂၆၀ | ၃၃၈၅ | ၃၄၁၅ | ၃၂၆၅ | ၃၂၈၀ | ၃၃၁၅ | ၃၃၀၀ | ၃၃၁၅ | ၃၇၂၀ | ၅၁၀၀ |
| HSD (500 ppm) | ၂၆၁၀ | ၂၆၉၀ | ၂၆၆၅ | ၂၆၁၅ | ၂၆၉၀ | ၂၇၀၀ | ၂၇၁၅ | ၂၆၇၀ | ၂၇၉၅ | ၂၈၂၅ | ၂၆၈၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၁၅ | ၂၇၂၅ | ၃၁၃၀ | ၄၉၀၀ |
| HSD (50 ppm) | ၃၂၇၅ | ၃၃၆၀ | ၃၃၃၅ | ၃၂၈၅ | ၃၃၆၀ | ၃၃၇၀ | ၃၃၈၅ | ၃၃၄၀ | ၃၄၆၅ | ၃၄၉၅ | ၃၃၄၅ | ၃၃၆၅ | ၃၃၉၅ | ၃၃၈၅ | ၃၃၉၅ | ၃၈၀၀ | ၄၉၀၀ |
| HSD (10 ppm) | ၃၂၇၅ | ၃၃၆၀ | ၃၃၃၅ | ၃၂၈၅ | ၃၃၆၀ | ၃၃၇၀ | ၃၃၈၅ | ၃၃၄၀ | ၃၄၆၅ | ၃၄၉၅ | ၃၃၄၅ | ၃၃၆၅ | ၃၃၉၅ | ၃၃၈၅ | ၃၃၉၅ | ၃၈၀၀ | ၄၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၉၄ | ၂၉၇၅ |
| 95 Ron | ၃၀၃၄ | ၃၁၂၈ |
| HSD (500 ppm) | ၂၄၆၃ | ၂၅၄၂ |
| HSD (50 ppm) | ၃၁၁၂ | ၃၂၀၄ |
| HSD (10 ppm) | ၃၁၁၂ | ၃၂၀၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၈၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြတ်မင်းထွေး ဦးစီးသော ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ကော့သောင်းမြို့ရှိ သီးခြားတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များက ကော့သောင်းမြို့နယ် ဆလုံကျွန်းဘုန်းတော်ကြီးကျောင်းနှင့် ဆလုံကျွန်း၊ ဓမ္မပါလကုန်းတော်ပေါ်ရှိ ဒီပါအောင်မြေ စိန်ရောင်ခြည်မြစေတီတော်တို့၌ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

ခရိုင်(ပြန်/ဆက်)

## CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Nway Oo Maung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရော၀တီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရေသောက်ကန်ကျေးရွာနေ ကျော်ရဲအောင်အား မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “May.Tz,Htun”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးမြို့နယ် ပန်းလှိုင်ရပ်ကွက်နေ မေသဇင်ထွန်းအား ည ၇ နာရီခွဲတွင်လည်းကောင်း၊ “Shwe Sin”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးမြို့နယ် ဘုရားကြီးမြို့နေ ရွှေဇင်ထွန်းအား ည ၈ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း





**နေပြည်တော် စက်တင်ဘာ ၁၈**

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးအဆက်မပြတ် ရွာသွန်းမှုများဖြစ်ပွားခဲ့ပြီး ချောင်းရေ၊ မြစ်ရေများ မြင့်တက်ကာ မြို့နယ်အချို့ရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများမှ ကူညီရွှေ့ပြောင်းရန် လိုအပ်နေသူများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

**သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်**

ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ရေများပြန်လည်ကျဆင်းသွားသည့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်မြို့နယ်နှင့် ကလောမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၊ မန္တလေးတိုင်းဒေသကြီးနှင့် ကျောက်ဆည်မြို့၊ မြစ်သားမြို့၊ တံတားဦးမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့အပါအဝင် အခြားမြို့နယ်တို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ပြုပြင်ရန် ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သော မြို့နယ် ၅၆ မြို့နယ်တွင် ယနေ့နံနက် ၉ နာရီအချိန်အထိ ရရှိသောစာရင်းများအရ လူနေအိမ် ၄၂၇၂ လုံး ထိခိုက်ပျက်စီးခဲ့ပြီး ၁၇၇၅၄၈ လုံး ရေဝင်နစ်မြုပ်ခဲ့ကြောင်း၊ ပြည်သူ ၂၆၈ ဦးသေဆုံးပြီး ၈၈ ဦး ပျောက်ဆုံးလျက်ရှိကြောင်းနှင့် ရေဘေးကယ်ဆယ်ရေးစခန်း စုစုပေါင်း ၄၅၇ ခု ဖွင့်လှစ်၍ အိမ်ထောင်စု ၄၃၆၀၉ စု၊ လူဦးရေ ၁၆၈၇၉၈ ဦးတို့ကို ကူညီကယ်ဆယ်ရေးနှင့် လိုအပ်သော ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရုံး/ဌာန အဆောက်အအုံအလုံး ၇၀၊ စာသင်ကျောင်း၉၉၆ကျောင်း၊ ဘာသာရေးအဆောက်အဦ ၃၁၅ လုံး၊ လမ်း/တံတားအချို့၊ လျှပ်စစ်မီးတိုင်နှင့် ဆက်သွယ်ရေးတိုင်များ ရေဝင်နစ်မြုပ်ခြင်း၊ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။ တိရစ္ဆာန်မျိုးစုံ စုစုပေါင်း ၁၀၈၃၈၆ ကောင် သေဆုံးခဲ့ပြီး စပါးနှင့် သီးနှံမျိုးစုံစိုက်ဧက ၆၆၆၁၂၁ ဧက ရေဝင်နစ်မြုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ယာယီရေဘေးရှောင်စခန်းများမှ ပြည်သူများအား တိုင်းရင်းဆေးများ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၈**

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စုစုဒွေးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၁၇ ရက်က နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ယာယီရေဘေး



ရှောင်စခန်းများမှပြည်သူများအားတိုင်းရင်းဆေးဖြင့် ဆေးကုပေးခြင်း၊ ဆေးဝါးများ လှူဒါန်းခြင်းတို့ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင်နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းရှိ သရက်ခုံ(အရှေ့)ရွာ၊ သဲကောကြီးကျေးရွာ (ကွဲဖြူတောင်ကျောင်းတိုက်)၊ အေလာမြို့နယ်အတွင်းရှိ ရတနာပုံတောရကျောင်းတိုက်၊ ပျဉ်းမနားမြို့နယ်အတွင်းရှိ အုန်းတောပရိယတ္တိစာသင်တိုက်၊ မင်္ဂလာဗျူဟာ ဓမ္မဗိမာန်၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိဥပ္ပါတသန္တိစေတီ(တပေါင်းကွင်းကဇာတ်ရုံ)၊ မရှိခဏဘုန်းတော်ကြီးကျောင်း၊ တပ်ကုန်းမြို့ အထက(၂) ယာယီရေဘေးရှောင်စခန်းများတွင် တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းတို့ ပူးပေါင်းဖွင့်လှစ်ထားသည့် တိုင်းရင်းဆေးခန်းများသို့ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကြည့်ရှုစစ်ဆေးပြီး ယာယီရေဘေးရှောင်စခန်းမှ ပြည်သူများအား အားပေးစကားပြောကြားကာ တိုင်းရင်းဆေးဝါးများ ပေးအပ်လှူဒါန်းသည်။ အဆိုပါ တိုင်းရင်းဆေးခန်းများသို့ လာရောက်ကုသသည့် လူနာများအတွက် မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းက လှူဒါန်းသည့် တိုင်းရင်းဆေးဝါးများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တီအမ်**

# ဝမ်းတွင်းမြို့နယ်၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**ဝမ်းတွင်း စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ခြင်းကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပေးအပ်**

ဝမ်းတွင်းမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးအနေဖြင့် ဝမ်းတွင်းမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဘေးဒဏ်ခံစားခဲ့ရသည့် အိမ်ထောင်စု ၅၀ အတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေသားအားလည်းကောင်း၊ ရေဘေးကြောင့် သေဆုံးသူလေးဦးအတွက် ထောက်ပံ့ကြေးငွေ ၁၂ သိန်း၊ ကိုင်းကျေးရွာအုပ်စုရှိ ရွှေကူကြီးဓမ္မာရုံ ယာယီရေဘေးရှောင်စခန်းတွင် ရွှေ့ပြောင်းထားရှိသည့် ရေဘေးသင့်ပြည်သူ ၂၀၂၂ ဦးအတွက် ဆန်ရိက္ခာဖိုးငွေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးအေးနိုင်ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများထံ ပေးအပ်ခဲ့သည်။ ထောက်ပံ့မှုတန်ဖိုးမှာ ငွေကျပ် ၁၀၇၈၄၃၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ပုံး ၅၀ ဖြစ်ပြီး ကျန်ရှိသည့် ရေဘေးသင့်ပြည်သူများအား ဆက်လက်ထောက်ပံ့သွားမည်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# သဘာဝဘေးအန္တရာယ်ကြောင့် ဆက်သွယ်ရေးစနစ်များ ပြတ်တောက်မှုအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပြင်ဆင်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၈**

ရာဂီတိုင်ဖွန်းမုန်တိုင်းဒဏ်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက် ရေကြီးခဲ့မှုများကြောင့် ပြတ်တောက်ခဲ့ရသော ဆက်သွယ်ရေးစနစ်များ ပြန်လည်ကောင်းမွန်ရေးအတွက် ပြုပြင်ခြင်းလုပ်ငန်းများကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက အမြန်ဆုံးပြုပြင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဖေယျာသီရိမြို့နယ် သိုက်ချောင်းလမ်းဆုံရှိ တံတားတွင် သွယ်တန်းထားရှိသည့် ဖိုင်ဘာကေဘယ်လ်များ ပြတ်တောက်နေမှု၊ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၂၄၅ မိုင် ၇ ဖာလုံရှိ နဝင်းချောင်းတံတား (အဆုံတံတား)တွင် ပြတ်တောက်သွားသည့် နေပြည်တော် - တပ်ကုန်း - ရမည်းသင်း ဖိုင်ဘာကေဘယ်လ်ဆက်ကြောင်းနှင့် တပ်ကုန်း - ပင်လောင်းအကြားရှိ ဖိုင်ဘာကေဘယ်လ် ပြတ်တောက်နေမှုများကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးသန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဖိုင်ဘာကေဘယ်လ်များ စနစ်တကျပြန်လည်ဆက်သွယ်နိုင်ရေး၊ ဆက်သွယ်မှု အမြန်ဆုံး ပြန်လည်ရရှိစေရေး သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



အဆုံတံတားအနီး ဖိုင်ဘာကေဘယ်လ်များ အစားထိုးပြုပြင်နေသည်ကို တွေ့ရစဉ်။

# "ချစ်စရာ့အရွယ် ကစားကြမယ်"ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်




**နေပြည်တော် စက်တင်ဘာ ၁၈**

"ချစ်စရာ့အရွယ် ကစားကြမယ်" ကလေးအစီအစဉ်ကို MRTV HD Channelမှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၁ ရက် (စနေနေ့)နံနက် ၁၁ နာရီတွင် ဗဟန်း အမှတ်(၁) မူလတန်းကြိုကျောင်းနှင့် တောင်ဥက္ကလာပ မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channelမှ ဆက်လက်ထုတ်လွှင့်ပြသမည် ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များ အချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းစီစဉ် တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

**ထပ်မံပြသမည်**

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင် လည်း ဆက်လက်လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် စက်တင်ဘာ ၂၃ ရက် (တနင်္လာနေ့) ညနေ ၄ နာရီ သတင်းအပြီးတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# သံလွင်မြစ်၊ စစ်တောင်းမြစ်နှင့် ရွှေကျင်မြစ်တို့ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၈**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲကျော် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ တောင်ငူမြို့နယ်၊ မဒေါက်မြို့နှင့် ရွှေကျင်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## သွေးသည် အသက်

**ဖခင်အမည်မှန်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အ.ထ.က(မုဒွန်း)ကျောင်းမှ မလပြည့်သော်တာဖွေး(Grade-3)၏ ဖခင်အမည်မှန်မှာ ဦးအေးကို [၁၀/ခဆန(နိုင်) ၀၉၇၀၇၉] ဖြစ်ပါကြောင်း။ ဦးအေးကို

❖ **ကျောဖုံးမှ**

ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်းများ၊ နေရာကွက်၍ မိုးကြီးခြင်းများ၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

ယခုအချိန်တွင် အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်ခြင်းမရှိသေးပါသဖြင့် ခန့်မှန်းချက်များအားလုံးသည် တိုင်းထွာသည့်အချိန်၊ အသုံးပြုသည့် Data နှင့် ခန့်မှန်းတွက်ချက်သည့် မော်ဒယ်လ်တို့အပေါ်မူတည်၍ မုန်တိုင်းရွေ့လျားမည့်လမ်းကြောင်း အမျိုးမျိုးပြောင်းလဲနေသည်။ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အချိန်နှင့်တစ်ပြေးညီ တွက်ချက်ရရှိသည့် ခန့်မှန်းချက်များကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

**မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်၏ ၁၇-၉-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန်(၀၆: ၃၀ )နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၁-၉-၂၀၂၄ မှ ၂၅-၉-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**




သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

**ဖခင်အမည်မှန်**

မိတ္ထီလာမြို့၊ အ.ထ.က(ခွဲ)၊ အောင်ဇေယျာ၊ Grade-7 မှ မစုပြည့်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်အောင် [၉/သစန (နိုင်) ၁၄၇၁၂၅] ဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ကြောင်း**

မိတ္ထီလာမြို့၊ မူလွန်တပ်မြေမှ ဒုတိယ အလယ်တန်းပြ ဒေါ်သူဇာဝင်း [၉/မထလ(နိုင်)၁၉၅၉၀၃] (ခ) ဒေါ်ခင်နန်းစောမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**အများသိစေရန်ကြေညာချက်**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-အနံ့ဇုန်အနီး (ဒလဘမ်း)၊ စည်ပင်လမ်း၊ မြေကွက်အမှတ်(၂+၄+၅) မြေကွက်(၃)ကွက်ပေါင်း၍ (၁)ထပ် Steel (Pitch Roof)(Warehouse) အဆောက်အဦ(၃)လုံးနှင့် (၂)ထပ်တိုက်(Office) အဆောက်အဦ(၂)လုံး စုစုပေါင်းအဆောက်အဦ(၅)လုံး ဆောက်လုပ်ခွင့်ပြုပါရန် မြေအမည်ပေါက် ဦးရွှေထူး (၁၃/နဆန (နိုင်)၀၂၂၈၃၃)မှ မြေပိုင်ဆိုင်မှုအနေဖြင့် မြေကွက်အမှတ်(၂နှင့်၄)အတွက် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏ ၁၆-၃-၂၀၁၇ ရက်နေ့ထုတ် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်လက်မှတ် (စက်မှုလက်မှုလုပ်ငန်းဆောင်ရွက်ရန်အတွက်သာ)နှင့် မြေကွက်အမှတ်(၅)အတွက် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) (စက်မှုလက်မှုလုပ်ငန်းဆောင်ရွက်ရန် အတွက်သာ)တင်ပြ၍ လျှောက်ထားလာရာတွင် မြေကွက်အမှတ်(၂နှင့်၄)မှာ ပါမစ်မြေအမျိုးအစားဖြစ်ပြီး ပူးတွဲတင်ပြထားသော အိမ်ရာဆောက်လုပ်နေထိုင်ခွင့်လက်မှတ်မှာ သက်တမ်းကျော်လွန်နေပါသဖြင့် အဆောက်အဦ ဆောက်လုပ်ခွင့်တင်ပြလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

○ **လက်ရှိချန်ပီယံမှ**

အေစီမီလန်အသင်းနဲ့လီဗာပူး အသင်းတို့ပွဲစဉ်မှာတော့ အိမ်ရှင်အေစီမီလန်အသင်းကို လီဗာပူးအသင်းကသုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

စက်တင်ဘာ ၁၇ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ချန်ပီယံလိဂ် အဖွင့်ပွဲစဉ်တွေမှာတော့ ဂျူဗင်တပ်အသင်းက ပီအက်စ်ဗွီအသင်းကို သုံးဂိုး-တစ်ဂိုး၊ အက်စ်တွန်ဗီလာအသင်းက ယန်းဘွိုင်းအသင်းကို သုံးဂိုး-ဂိုးမရှိ၊ စပို့တင်းစီပီအသင်းက လိုင်လီအသင်းကို နှစ်ဂိုး-ဂိုးမရှိ စသဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

## "အများသိစေရန်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်(၁၀၀၇)နေ (ဘ) ဦးမောင်စိန်၏သမီး ဒေါ်သန်းသန်းအေး [၁၂/ဒဂမ(နိုင်) ၀၀၀၂၅၃]သည် (ဘ) ဦးသိန်း၏သား ဦးအောင်မြင့် [၁၂/ဥကမ(နိုင်) ၁၃၃၈၃၅]နှင့် (၂၀၀၁)ခုနှစ်မှစ၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အကြင်လင်မယားများအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ပြီး ဦးအောင်မြင့်သည် (၂-၄-၂၀၂၄)ရက်နေ့တွင် ကွယ်လွန်သွားပြီးနောက် ဦးအောင်မြင့်အမည်ဖြင့် ကျန်ရှိသော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများသည် တရားဝင် ဇနီးမယားဖြစ်သည့် ဒေါ်သန်းသန်းအေးမှသာလျှင် ပိုင်ဆိုင်နေထိုင်အကျိုးခံစားခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းပွင့်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၄၄)**
**အမှတ်(၃၃၀)၊ ဥဒ္ဒေနာ(၆)လမ်း၊ (ဓ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၀၈၃၂၈၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၇)၊မြေကွက်အမှတ်(၆၈၆) မြေကွက်တည်နေရာအမှတ်(၆၈၆)၊ရှင်သီဒတ်(၁၂)လမ်း၊(၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ဦးဘိုးစိန်(၁၂/ဥကတ(နိုင်)၁၁၀၂၁၆)၊ဦးတင်ငြိမ်း(၁၂/ဥကတ(နိုင်)၀၁၉၇၆၃)၊ဦးတင်ဦး(၁၂/ဥကတ(နိုင်)၁၂၂၄၂၃)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမည်ပေါက်ဦးဘိုးစိန်၊ဦးတင်ငြိမ်း၊ဦးတင်ဦးတို့မြေကွက်အားအမည်ပေါက်ဦးဘိုးစိန်(ခင်ပွန်း)ကွယ်လွန်သဖြင့်(ဇနီး)ဒေါ်ခင်အေး(၁၂/ဥကတ(နိုင်)၁၀၇၉၂၂)မှလည်းကောင်း၊ဦးတင်ငြိမ်း(ခင်ပွန်း)ကွယ်လွန်သဖြင့်(ဇနီး)ဒေါ်တင်တင်ဦး(၁၂/ဥကတ(နိုင်)၀၁၉၇၆၂)မှလည်းကောင်း၊ ဦးတင်ဦး(ခင်ပွန်း)ကွယ်လွန်သဖြင့်(ဇနီး)ဒေါ်တင်ရွှေ(၁၂/ဥကတ(နိုင်)၁၀၈၆၃၀)တို့မှဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ဂရန်၊နိုင်/ကတ်များ၊သေစာရင်းများ၊အိမ်ထောင်စုစာရင်းများ၊ဝန်ဆောင်ခတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာမှုအပေါ်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ (၂၉)လမ်း၊ တိုက်အမှတ် (၂၇၆)၊ တိုက်အမှတ် (1-B)၊ မြေညီထပ်၊ (၁-လွှာ)ဟုခေါ်တွင်သော အကျယ်အဝန်း (၁၅'x၅၄')ရှိ တိုက်ခန်းမှာ ဒေါ်သန္တာလှိုင် [၁၄/မအပ (နိုင်) ၃၄၉၂၅၂]နှင့် ဒေါ်အေးအေးအောင် [၁၂/ဥကတ(နိုင်) ၂၉၂၁၉၉]တို့မှ တရားဝင်ဝယ်ယူပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကာ ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်းပြောဆိုဝန်ခံပြီး၊ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူသဖြင့် ရောင်းချသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများ၊ အခြားခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမျိုးညွန့်ဝင်း ( စဉ်-၇၁၁၉ )**
**H.G.P., LL.B., D.B.L., D.M.L, Post Graduate Dip. in Global English**
**ဒေါ်စောစန္ဒီစိမ့် (LL.B)(စဉ်-၁၇၅၂၁)၊ ဒေါ်အေးအေးမိုး (LL.B) (စဉ်-၁၇၉၄၅)**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ခိုင်ခိုင်ဝေ (LL.B) အထက်တန်းရှေ့နေ (စဉ်- ၄၃၅၆၈)**
**အမှတ် (၅၈/၆၀)၊ ပထမထပ်၊ အခန်း (၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၉၅၅၄၅၄၈၂၊ ၀၉-၅၅၇၉၇၄၂၃၇၊ ၀၉-၅၀၂၆၈၄၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ (ယခင်)တောင်ကြီးခရိုင်၊ (ယခု) ကလောခရိုင်၊ ညောင်ရွှေမြို့နယ်၊ တောင်ပို့ကြီးကျေးရွာအုပ်စု၊ ညောင်ဝန်းရွာကွင်း၊ ကွင်းအမှတ်(၂၈)တွင်တည်ရှိသည့် မြေကွက်များဖြစ်ကြသော (၁)ဦးပိုင်အမှတ် -၁၉၃၊ ဧရိယာ- ၀.၇၅ကေ၊ (၂) ဦးပိုင်အမှတ်- ၁၉၄/၃၊ ဧရိယာ- ၁.၂၈ ကေ၊ (၃) ဦးပိုင်အမှတ်- ၁၉၅/၁၃၊ ဧရိယာ- ၂.၇၀ ကေ၊ (၄) ဦးပိုင်အမှတ်- ၁၉၅/၁၄၊ ဧရိယာ- ၁.၇၅ ကေ၊ (၅) ဦးပိုင်အမှတ်- ၁၉၅/၁၅၊ ဧရိယာ- ၂.၀၀ ကေ၊ (၆) ဦးပိုင်အမှတ်- N 23၊ ဧရိယာ- ၄.၉၇ ကေ၊ (၇) ဦးပိုင်အမှတ်- N 24၊ ဧရိယာ- ၈.၅၉ ကေ၊ (၈) ဦးပိုင်အမှတ်- N 32၊ ဧရိယာ- ၁.၉၃ ကေ၊ (၉) ဦးပိုင်အမှတ်- N 31၊ ဧရိယာ- ၆.၀၅ ကေရှိ ခြံယာမြေကွက် (၉)ကွက်၏ စုစုပေါင်းဧရိယာ (၃၀.၀၂)ကေနှင့်တကွ ၎င်းခြံယာမြေကွက် (၉)ကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ယခုလက်ရှိပိုင်ရှင်ဖြစ်သူ ဦးမြင့်သိန်းထွန်း [၁၃/ညရန(နိုင်) ၀၅၄၉၆၇] ကိုယ်တိုင်မှ ကာလတန်ဖိုးများနှင့်အညီ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေလင်းဆွေ [၉/ခမစ(နိုင်)၀၁၉၁၄၈]မှလည်း ယင်းကာလတန်ဖိုးငွေများဖြင့်ပင် ဝယ်ယူရန်သဘောတူ၍ စရန်ငွေတချို့အား ပေးချေထားပြီးဖြစ်သဖြင့် ယင်းခြံယာမြေကွက် (၉)ကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟုယူဆပါက မည်သူမဆိုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အဆိုပါခြံယာမြေကွက် (၉)ကွက်၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်မေလင်းဆွေ**
**[၉/ခမစ(နိုင်)၀၁၉၁၄၈]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်နွဲ့ရီ ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၂၅)**
**တိုက်(၉)၊ အခန်း(၂၇)၊ ဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၈၉၃၅၆၆၃၇၀၊ ၀၉-၄၀၅၀၆၄၃၇၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ရွှေပြည်သာ(၂)လမ်း၊ အမှတ် (၅၀၃)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အအုံ၏၅-လွှာ၊ စတုတ္ထထပ်(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၇ပေx ၅၄ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ရေ၊ မီးအစုံအလင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးကျော်ကျော်သိန်း [၁၂/မဂတ(နိုင်) ၁၁၄၃၅၁] သည် အဆောက်အဦဆောက်လုပ်သော (Shine 7 Star) ကန်ထရိုက်တာဖြစ်ပြီး အဆောက်အဦကို ကန်ထရိုက်ဆောက်လုပ်ခြင်းဖြင့် မိမိသာလျှင် အပြီးအပိုင် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုး၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်သူ**
**ဦးသက်ပိုင်ထူး**
**[၁၂/ဒဂမ(နိုင်) ၀၃၂၃၃၄]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖွန်မေအေး LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၁၀)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၆)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၂၄၄၃၁၆**

**ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၃)ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ် (၃၈၅)၊ (၄၀' x ၆၀')ရှိ ဒေါ်အေးအေးခင်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ လက်ဝဲဘက်ခြမ်း (၂၀' x ၆၀')ရှိမြေကွက် အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း**

အထက်ပါမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်-၂၅၇၂/၂၀၂၃ ဖြင့် ပိုင်ဆိုင်ထားပြီး ဂရန်ခွဲလျှောက်ထားသူများဖြစ်ကြသော ဦးကျော်ညီညီဆွေ (၇/ရတရ (နိုင်) ၀၉၃၈၂၃) နှင့် ဒေါ်သီမ့်သီမ့်စိုးဟန် (၇/ရတရ (နိုင်) ၀၇၂၄၁၄)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အပေါ် ကန့်ကွက်အရေးဆိုလိုသူရှိပါက ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)နှင့်တကွ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဦးဝင်းနိုင် (မုံရွာ)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၅၇၀၉/၉၁)**

**ဒေါ်သင်းသင်းညို**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၇၈၆/၁၄)**

အမှတ် (၅၀)၊ ပထမထပ်၊ အခန်း (A-15)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph : 09 - 5169610, 09 - 785169610

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၇၊ မြေကွက်အမှတ်- ၂၈၈(က)၊ ဧရိယာ- ၀.၀၂၇၅၊ ဒေါ်ခင်အေး အမည်ပေါက်လျက်ရှိသော အလျား(၂၀)x အနံ(၆၀) မြေကွက်အပြင် ယင်းမြေကွက်၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်အရပ်ရပ်ဖြင့် မိမိတို့သာလျှင် တရားဝင်ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိပြီး အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်းဝန်ခံလျက် ဦးကျော်သက်နိုင် [ ၅/ရဘန (နိုင်) ၁၃၄၂၂၀]နှင့် ဒေါ်စုစုလှိုင် [၉/မရမ(နိုင်) ၀၈၅၇၈၁]တို့မှ မြေကွက်၏ကာလပေါက်ဈေးများနှင့်အညီ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထွယ်မွန်းပန် [၁/မကန(နိုင်) ၁၅၄၉၁၂]မှ အပိုင်ဝယ်ယူရန် သဘောတူပြီး (၁၇-၉-၂၀၂၄)ရက်နေ့တွင် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထွယ်မွန်းပန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယုဇနအောင်(LL.B,D.B.L,D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၅၅၀)**
**အမှတ်(၁၈၁)၊ ပိတောက်မြိုင်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၃၆၂၁၆၉၊ ၀၉-၉၄၅၅၄၅၅၅၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၃၄

**ဦးစောအောင်ဖြိုး (တရားလို)** နှင့် **ဦးစောဟာရီ (တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(၅၉၆)နေ ဦးစောဟာရီ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။**

သင့်အပေါ်၌ တရားလိုက **"မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆုတ် ၁၀ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကြိုတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ အ.ထ.က (၈)၊ Grade- 10(B)တွင် ပညာသင်ကြားနေသော ဦးဝင်းလင်း(ခ)ပုလဲဆာမိ [၁၂/မဂဒ(ပြု) ၀၀၀၃၀၆]၏သား မောင်မြတ်မင်း၏ အမည်မှန်မှာ မောင်ဆန်းမင်း ဖြစ်ပါကြောင်း။

## အများသိစေရန်ကြော်ငြာခြင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၊ မြေကွက်အမှတ်- ၁၁၅၈၊ မြေကွက်တည်နေရာအမှတ် (၁၁၅၈)၊ စပ်စံထွန်းလမ်း၊ (၄)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (ဒေါ်စိန်စိန်အေး)(IMHA-၀၀၁၁၂၂) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်စိန်စိန်အေး (IMHA-၀၀၁၁၂၂) [၁၂/အစန(နိုင် )၀၀၃၂၅၆] ကိုယ်တိုင်မှ နှစ်(၆၀)မြေငှားဂရန် ပျောက်ဆုံးကြောင်း ရပ်ကွက် / ရဲစခန်း ထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်နှင့် ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ ကန့်ကွက်ရန် ရှိ/မရှိ သီးခြားသတင်းစာကြော်ငြာခြင်းတို့ဆောင်ရွက်ခဲ့ရာ ကန့်ကွက်မှုမရှိပါသဖြင့် ဒေါ်စိန်စိန်အေး၏ ဂရန်မိတ္တူ လျှောက်ထားခြင်းအား ခွင့်ပြုပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြို့မြေစာရင်းတွင် အမှုတွဲအမှတ်- ဒဂ(မ) စက်မှုဦးစီး - ၃၄၀၄/၉၆ ဖြင့် အမည်ပေါက် ဒေါ်စိန်စိန်အေး (IMHA-၀၀၁၁၂၂)ဖြင့် ထုတ်ပေးထားသော နှစ်(၆၀) မြေငှားစာချုပ် (ဂရန်)မူရင်းအား ပယ်ဖျက်ပြီးဖြစ်ကြောင်း ရုံးတွင်းအမိန့် အမှတ် (၃၆၄၄/၂၀၂၄)ဖြင့် မှတ်သားပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဦးထွန်းသိန်း (ခ) ဂေဗရီရယ် [၁၄/ဘကလ(နိုင်) ၁၃၉၁၀၃]နှင့် ဒေါ်စန်းစန်းအေး [၁၂/မဂတ(နိုင်) ၁၀၂၈၆၂]တို့သည် (၂၀၀၆) ခုနှစ်က လက်ထပ်ပေါင်းသင်းခဲ့ပြီး ယခုအခါ နှစ်ဦးဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသဖြင့် ဂုဏ်သရေရှိအသိသက်သေများ ရှေ့မှောက်၌ (၁၄-၉-၂၀၂၄)ရက်နေ့တွင် တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီး လက်ထပ်ပွားပစ္စည်းများကိုပါ တစ်ပါတည်း စီမံခန့်ခွဲလွှဲပြောင်းခဲ့ကြပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နောက်နောင်တွင် ဒေါ်စန်းစန်းအေး နှင့်ပတ်သက်သည့် ကိစ္စအဝဝတို့သည် ကျွန်ုပ်မိတ်ဆွေ ဦးထွန်းသိန်း (ခ) ဂေဗရီရယ်နှင့် လုံးဝ ပတ်သက်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ**
**ဦးထွန်းသိန်း (ခ) ဂေဗရီရယ်**
**[၁၄/ဘကလ(နိုင်)၁၃၉၁၀၃]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ခင်ဆု (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၉၆၇)**
**အမှတ်(၂၆၆)၊ စံပြ(၃)လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၇၇၁၁၅၃၃၃၂၊ ၀၉-၂၅၄၃၁၈၂၉၈**

## "နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကုလားကြီးစုရပ်ကွက်၊ ပုလဲလမ်း၊ အမှတ်(၈၂၃)နေ (ဘ) ဦးဖုန်းနိုင်၏သား ဦးသန့်ဇော်နိုင် [၁၂/ရပသ(နိုင်) ၀၃၆၁၉၁]နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ရွှေလောင်းမြို့၊ သစ္စာလမ်း၊ အမှတ်(၅၀၃)နေ (ဘ) ဦးမြသိန်း ၏သမီး ဒေါ်ပြုံးပြုံးအေး(ခ)ဒေါ်မြစန်းအေးတို့သည် (၈-၉-၂၀၂၄)ရက်နေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန့်ဇော်နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိသိမ့်သိမ့်ကျော် (LL.B, Q)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၅၁၄)**
**အမှတ်(၁၈၄)၊ ၁/ရ(၄)လမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့။ ဖုန်း- ၀၉-၇၈၉၄၀၄၉၉၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ သုဝဏ္ဏ(လူသုံးကုန်)၊ ဧရိယာ (၀.၁၂၄)ကေ၊ (၅၃၉၄ စတုရန်းပေ) အကျယ်အဝန်းရှိသော နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်သင်းသင်းနိုင် [၁၂/ဗဟန(နိုင်)၀၃၈၉၈၀]အမည်ဖြင့် မှတ်သားတည်ရှိနေသော မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းသင်းနိုင် တစ်ဦးတည်းသာ အမည်ပေါက်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိပြီး အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ ပေးကမ်း၊ လွှဲပြောင်း၊ စွန့်လွှတ်၊ လှူဒါန်းစသည့် အခြားနည်းပြုလုပ်ခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းနိုင်[၁၂/ဗဟန(နိုင်)၀၃၈၉၈၀]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်အေးဝင်း(LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၅၂၅၈၂)**
**အမှတ်-(၇၃၇/ခ)၊ မြေညီထပ်၊ မာဃလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၉၆၇၆၄၈၉၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ ခရေလမ်း၊ မြေကွက်အမှတ် (၅၀၉)၊ အကျယ်အဝန်း- အလျားxအနံ (၄၀ပေx ၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ကေရှိ ဦးချစ်ကိုကို [၁၂/ဥကတ(နိုင်) ၁၅၃၈၂၅]၊ ဦးသောင်းဌေး [၅/အရတ(နိုင်) ၀၅၄၈၃၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်များထံမှတစ်ဆင့် အရပ်ကတိအရောင်းအဝယ်အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အေးမြစိုး[၁၂/လမတ(နိုင်) ၀၀၁၉၇၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၄၀၁)**
**အမှတ်(၇၉၃)၊ စာဂ (၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း- ၀၉-၅၁၃၁၂၀၃၊ ၀၉-၂၅၁၀၀၂၅၃၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ တန်ဆောင်းကြီးလမ်း၊ အမှတ် (၂၅) (ပထမထပ်)၊ အကျယ်အဝန်း (အလျား ၂၃ပေx အနံ ၄၈ပေ)ရှိသောတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အား မြေရှင် ဒေါ်လှလှဝင်းပိုင်ဆိုင်လက်ဝယ်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရောင်းချသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးနိုင်လင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၉/မထလ(နိုင်) ၂၁၁၆၅၈] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုး၏ စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နိုင်နိုင်ဌေး(LL.B.,D.B,L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၅၄/၁၄-၂-၂၀၁၇)**
**အမှတ်(၇၈)၊ (၃)လွှာA၊ ပွဲစားလမ်း။ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-420226741**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (က)(၂)လမ်း၊ မြေကွက်အမှတ် (၈၅)၊ အိမ်အမှတ် (၅၂)၊ နှစ်ခန်းတွဲ၊ ခြောက်ထပ်တိုက်၏ (၅လွှာ-ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (အလျား ၁၈ပေx အနံ ၅၄ပေ)ရှိသော တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ယဉ်ယဉ်တင့်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/အစန(နိုင်) ၀၁၂၃၈၅] ကိုင်ဆောင်သူမှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရောင်းချသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးစန်းကျော်သူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၁/ဂမန(နိုင်) ၀၂၉၆၂၈] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုး၏စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နိုင်နိုင်ဌေး(LL.B.,D,B,L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၀၅၄/၁၄-၂-၂၀၁၇)**
**အမှတ်(၇၈)၊ (၃)လွှာ A၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-420226741**

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## ဆေးဝါးစက်ရုံ(အင်းစိန်)အတွက်
## ဆေးဝါးကုန်ကြမ်း Gliclazide BP (၄၀၀)ကီလိုဂရမ်
## အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့် အရေအတွက်

| ပစ္စည်းအမည် | အရေအတွက် |
|---|---|
| Gliclazide BP | ၄၀၀ ကီလိုဂရမ် |

၂။ နိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ရမည်။ နိုင်ငံတော်မှသတ်မှတ်ထားသည့်အခွန်များပေးဆောင်ပြီးသည့် ကုမ္ပဏီ ဖြစ်ရမည်။

၃။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၂၀-၉-၂၀၂၄

၄။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃-၁၀-၂၀၂၄၊ (၁၆ : ၀၀)နာရီ

၅။ ပစ္စည်းပေးသွင်းရမည့်စက်ရုံ - ဆေးဝါးစက်ရုံ(အင်းစိန်)

၆။ တင်ဒါပေးသွင်းရမည့်နေရာ - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။

၇။ တင်ဒါပုံစံ၊ တင်ဒါခေါ်ယူမည့်ပစ္စည်းများ၏စံချိန်စံညွှန်း၊ အရည်အသွေး သတ်မှတ်ချက်များနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)** — **တယ်လီဖုန်းအမှတ်**
**စက်မှုဝန်ကြီးဌာန၊** — **၀၆၇၃-၄၀၈၃၈၈**
**ရုံးအမှတ်(၃၇)၊ နေပြည်တော်။** — **၀၆၇၃-၄၀၈၃၅၄**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၉)၊ ဆရာစံလမ်း၊ မြေကွက်အမှတ်(၅၇၇)၏ မြေအကျယ်အဝန်း(၄၀x ၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ် (၅၇၆)နှင့် ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း(၂၀x ၆၀)ပေရှိ ဦးကျော်ညွန့်(Q/RGN-၀၀၄၄၁၇)အမည်ပေါက် မြေချပါမစ်(မိတ္တူ)ခြမ်း မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်သော ဒေါ်ခင်မေအေး[၁၂/ဥကတ(နိုင်)၀၄၅၈၅၄]နှင့် ဦးနေလင်းဦး[၁၂/ဥကတ(နိုင်)၁၇၇၂၅၂]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂) (LL.B,D.I.L)**
**ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉) LL.B,D.B.L,D.I.L,WIPO(Switzerland)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ သစ္စာလမ်း၊ မြခေမာ(၄)လမ်း၊ မြေကွက်အမှတ်(၇၁၇/ခ)၏ မြေအကျယ်အဝန်း(၂၀x ၆၀)ပေရှိ ဦးခင်မောင်ဝင်း (TGKN- ၀၂၁၅၁၅) အမည်ပေါက် မြေချပါမစ် မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံ စားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်ကြည်ကြည်နိုင်[၁၂/ဗတထ(နိုင်)၀၃၃၈၉၅] ထံမှကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂) (LL.B,D.I.L)**
**ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉) LL.B,D.B.L,D.I.L,WIPO(Switzerland)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ ဗိုလ်ဖိုးဝင်း(၃)လမ်း၊ မြေကွက်အမှတ်(၇၆၁)၏ မြေအကျယ်အဝန်း(၄၀x ၆၀)ပေရှိ ဒေါ်အုံးမြင့် (ISN- ၅၁၃၁၇၇)အမည်ပေါက် နှစ်(၆၀)ဂရန် မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်အေးအေးသန့်[၁၂/ဥကတ(နိုင်)၀၁၅၄၈၆]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက် အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂) (LL.B,D.I.L)**
**ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉) LL.B,D.B.L,D.I.L,WIPO(Switzerland)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၄/ရွာမရပ်မှ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်အမှတ်(ပ-၄၇၁၈)ကို မြေကွက်အမည်ပေါက် ဦးကျော်မင်းလွင် (ဘ)ဦးစံ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၅/ခဥန(နိုင်)၀၀၈၁၄၈](ကွယ်လွန်)၏ အမွေခံသားသမီးများဖြစ်ကြသူ ဒေါ်မေဖြိုးအောင် (ဘ) ဦးကျော်မင်းလွင် [၅/ခဥန(နိုင်)၀၈၉၆၄၆]၊ ဒေါ်ဝါဝါခိုင် (ဘ) ဦးကျော်မင်းလွင်[၅/ခဥန(နိုင်)၀၇၆၀၅၆]၊ ဒေါ်စန္ဒာခိုင်(ဘ) ဦးကျော်မင်းလွင် [၅/ခဥန(နိုင်)၀၈၆၀၄၃]၊ ဦးမျိုးလင်းအောင် (ဘ) ဦးကျော်မင်းလွင် [၅/ခဥန(နိုင်)၀၇၅၃၅၅]တို့မှ မြေပေးမိန့် ထုတ်ယူခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း(မိတ္တူ)၊ အမည်ပေါက်၏ သေဆုံးမှုလက်မှတ်၊ မြေပေးစလစ် (မိတ္တူမှန်)တို့ တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးမိန့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ နယ်မြေ(၅)၊ သုခလမ်း၊ အမှတ်(၄၇)ဟုခေါ်တွင်သော မြေအကျယ်အဝန်း (အလျား ၃၁ပေ x အနံ ၁၇ပေ) အကျယ်ရှိမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်တိုက်အဆောက်အဦအပါအဝင် ယင်းအိမ်မြေနှင့်ပတ်သက်သောအကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်သူဒေါ်ခင်အုန်းမြင့်[၁၂/အစန(နိုင်)၀၈၁၄၈၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးလှမြင့်ဦးနှင့် ဒေါ်စန်းစန်းဦးတို့ကဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေလင်းအောင်**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၃၂၁၄)**
**အမှတ်-၅၈၇၊ မြို့ပတ်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ လူနေရပ်ကွက် အမှတ်-၃၊ မြေကွက်အမှတ်(၆၈၇/က)၊ အကျယ်အဝန်းပေ(၂၀x၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန၏ ဒေါ်သန်းမြင့်(ISN-050390) အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်အား ဒေါ်စန်းစန်းညွန့်[၁၂/မရက(နိုင်)၀၆၃၁၈၆]ကိုင်ဆောင်သူမှ ဆက်စပ်စာချုပ်စာရွက် စာတမ်းမူရင်းများဖြင့် တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အရှုပ်အရှင်းကင်းပြီး မိမိပိုင်ဆိုင်သောပစ္စည်းဖြစ်၍ ရောင်းချရန်အဆိုပြုကမ်းလှမ်းခဲ့ပါသည်။ ယင်းမြေကွက်အကျယ် အဝန်းအလျား ပေ၂၀xအနံ ၆၀)အား ကျွန်ုပ်၏မိတ်ဆွေ ဦးအေးသန်း[၁၂/တကန(နိုင်)၀၂၉၅၆၂]ကိုင်ဆောင်သူမှ (၁၇-၉-၂၀၂၄) ရက်စွဲပါစာချုပ်ဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ဒေါ်သန်းမြင့်အမည်ပေါက် ဂရန်အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမြင့်ခိုင် (LL.B,D.B.L)** | **ဒေါ်နန့်အိဆုမွန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၆၂၂)** | **အထက်တန်းရှေ့နေ (စဉ်-၄၉၄၀၁)** |
| **အမှတ်(၃၆၅)၊ သမာဓိ(၂)လမ်း၊ (၃၉/B)** | **ဒေါ်စန်းဇာနည်လွင် (LL.B)** |
| **ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း** | **အထက်တန်းရှေ့နေ (စဉ်-၃၆၆၄၃)** |

**ဒေသကြီး။ Ph:09-422464007,09-795598060**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၁၄ )
## တွံတေးခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၂၃
### ကွယ်လွန်သူ ဦးအောင်မင်း၏ကျန်ရစ်သော ကြွေးမြီများ၊ ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ကြည်တန်းကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအောင်မင်း၏ ကျန်ရစ်သော ကြွေးမြီများ၊ ပစ္စည်းများအပေါ်၌ အမွေဆက်ခံရန်လက်မှတ် ထုတ်ပေးပါမည့် အကြောင်းနှင့် ဒေါ်သန်းသန်းငွေက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလကွယ်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအောင်မင်း၏ ကျန်ရစ်သော ကြွေးမြီများ၊ ပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက် ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလကွယ်)နေ့၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၁၄နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်း မရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်သန်းသန်းငွေ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု အကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင့်တင့်မော်)**
**ခရိုင်တရားသူကြီး**
**တွံတေးခရိုင်တရားရုံး**

## ပတ်စ်ပို့ ပျောက်ဆုံးကြောင်း

(ဘ)ဦးချူတီ၏သမီး မဖူးပွင့်ဝတီ [၁၂/အစန(နိုင်)၂၃၄၀၁၃]၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၁၃၉၅၀၆**

## အမည်မှန်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ ပညာရှေ့ဆောင် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12(Bio)တွင် ပညာသင်ကြားနေသော (ဘ)ဦးစိုးသိန်း[၁၂/လမန(နိုင်)၀၁၉၃၈၈]၏ သား မောင်တေဇာသိန်း၏ အမည်မှန်မှာ မောင်လင်းမြတ်အောင် ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ အမှတ်(၁၀၉)၊ နယ်မြေ(၁၀)၊ သီတာလမ်း၊ ညောင်ရွှေဟော်ကုန်း ရပ်ကွက်၊ နန်းထိုက်ရွှေစင်ကွန်ဒို ဟု အမည်ခေါ်တွင်သည့် အဆောက်အဦပေါ်ရှိ(၁) အခန်းနံပါတ်(၉ စီ)၊ အကျယ်အဝန်း (၁၈၆၅) စတုရန်းပေ၊ (၂) အခန်းနံပါတ်(၁၀ ဘီ)၊ အကျယ်အဝန်း (၁၉၅၀) စတုရန်းပေ၊ (၃) အခန်းနံပါတ်(၁၀ စီ)၊ အကျယ်အဝန်း(၁၈၆၅) စတုရန်းပေ၊ (၄) အခန်းနံပါတ်(၁၁ စီ)၊ အကျယ်အဝန်း (၁၈၆၅) စတုရန်းပေ ဟုခေါ်တွင် သော ကွန်ဒိုတိုက်ခန်း(၄)ခန်းနှင့် အဆိုပါကွန်ဒိုအခန်းများတွင် ရေမီးအစုံ တပ်ဆင်ထားရှိပြီးသော ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစံလင်း[၁၃/တကန(နိုင်) ၀၄၇၀၇၀]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆိုပါ ကွန်ဒိုတိုက်ခန်း(၄) ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်တရားဝင်လွှဲပြောင်းရယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါ က ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက လွှဲပြောင်းရယူခြင်းကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်တင့်(ခ)ဦးခင်ထွန်း(LL.B) (စဉ်-၅၇၅၁)**
**ဦးမင်းမင်းထွန်း(LL.B) (စဉ်-၁၄၆၀၃)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၃၉၃၀၆၊ ၀၉-၄၂၁၀၂၅၃၈၄**

## “ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ကျောက်တန်းတပ်ရာကုန်း၊ မြေကွက်အမှတ်(၁၄၇၂)ဟုခေါ်တွင်သော ရန်ကုန်မြို့၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးခင်ဇော်မိုးအမည်ဖြင့် ချထားပေးသော အလျားxအနံ (၄၀x၆၀)ပေ အကျယ်ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်သူများထံမှ ပြန်လည်ဝယ်ယူထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်ပိုင်ဇာသင်း(ဘ)ဦးရွှေတင် [၁၂/သလန(နိုင်)၀၈၈၄၃၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲသူဇင် (ဘ)ဦးသန့်ဇင် [၁၂/အလန(နိုင်)၀၄၄၀၆၄]က ပြန်လည် ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ မြေကွက်နှင့် ပတ်သက်၍ ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းနှင်းထွေး(LL.B)**
**(စဉ်-၂၄၉၆၈) အထက်တန်းရှေ့နေ**
**အမှတ်(F-၅၁)၊ သဇင်(၁၇)လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၂၅၀၀၁၂၈၀၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ယမနေ(၆)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄၊ မြေကွက်အမှတ်(၆၄၈)၊ ဧရိယာ (၀.၀၅၇)ဧက အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ဒေါ်သန်းနွဲ့[၁၂/အလန(နိုင်)၀၃၁၈၈၀]အမည်ပေါက်ဖြစ်ပြီး၊ ၎င်းထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဦးပြည့်ဖြိုးအောင်[၁၂/ပဇတ(ဧည့်)၀၀၀၄၃၉]ကဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းမူရင်းအထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမိုးမင်းဆွ** | **ဒေါ်ခင်မာနွယ်** | **ဒေါ်နန်းစုမြတ်နိုးထွဋ်** |
| **(LL.B.D.B.L)** | **(LL.B,D.B.L)** | **(LL.B)** |
| **(စဉ်-၁၄၄၀၄)** | **(စဉ်-၁၄၂၆၂)** | **(စဉ်-၁၇၅၉၀)** |

**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်အေးမြတ်သွေး (LL.B)**
**(စဉ်-၄၇၉၅၈)**
**အထက်တန်းရှေ့နေ**
**အမှတ်-၄၈၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၄၅၇၇၅၆၈၂၁၊ ၀၉-၄၃၁၆၇၂၉၆၊ ၀၉-၄၂၁၀၂၂၁၁၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/ B)၊ ရာဇမိရာဇ်လမ်း၊ မြေကွက်အမှတ် (၃၄)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးခင်စိုး (၂) (CG-၀၆၇၈၀၂) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဖူးပွင့်သင်း (၁၂/အလန (နိုင်) ၀၄၇၀၀၅) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/ B)၊ အကောက်ခွန် (၄)လမ်းနှင့် အကောက်ခွန် (၆)လမ်းထောင့်၊ မြေကွက်အမှတ် (၁၁၆)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးကျော်မောင် (၅) (၁၂/ရကန (နိုင်) ၀၄၉၈၅၅) (AA-၁၁၅၂၄၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးကြည် (၆/မအရ (နိုင်) ၀၀၃၅၉၃) (TTA-၄၄၁၀၁၀) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆


နာမည်ကျော်ဆရာကြီး
ရာဇာဇော်ဝင်း
(LL.B) WIPO,DL-101 Switzerland)
ရှေးမှုမပျက် ခေတ်မီလှပသော နာမည်လှလှလေးများကို ဖုန်းသာဆက်လိုက်ပါ။ ကုန်အမှတ်တံဆိပ်ရွေးချယ်ခြင်း၊အိမ်ရောင်းထွက်ဖို့၊ ဈေးရောင်းကောင်းဖို့၊ ရင်သွေးငယ်၏အနာဂတ်အလုံးစုံပါဝင်သော အကြားအမြင်ဟောစာတမ်းပါဦးမည်။ ကလေးအတွက်အစုံပါသည်။ လူကြီးမင်းလိုရာမေး ကိုယ်ဝန်ဆောင်မိခင် ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။ အမှတ်(၉)၊ ဒုထပ်၊(၈၇)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။(ပိတ်ရက်မရှိ)01-394727,01-399426,09-73009994,09-5152521

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ်(၂၂၇၆)၊ မြေကွက်တည်နေရာအမှတ်(၂၂၇၆)၊ (၁၄၆)ရပ်ကွက်၊ ဒဂုံတောင်၊ ဦးလှကြိုင်(ISN–086319)အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးလှကြိုင် [၁၃/ကခန(နိုင်)၀၂၇၇၁၈] (ISN–086319)မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ မြေချပါမစ်မူရင်းပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်–၄၇/၂၄(၁၈–၃–၂၀၂၄)၊ ကိုယ်တိုင်ဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားဂရန်လျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ ကျောက်တိုင် သံဆူးကြိုးခြံစည်းရိုးကာရံထားပြီး မြေကွက်လပ်ဖြစ်ပြီး ဦးလှကြိုင်မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ၎င်း၏ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားဂရန်လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဒေါ်ခင်အေးထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးအောင်မျိုး(စဉ်–၁၃၉၆၉) ၏ (၆–၉–၂၀၂၄)ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၂၉)တွင် ဖော်ပြပါရှိသော ရန်ကုန်တိုင်းဒေသကြီး၊ လသာလမ်း၊ အမှတ်(၆၀/၆၂) ဟုခေါ်တွင်သော အဆောက်အဦ၏ နံပါတ်(၈)လွှာ မျက်နှာမူရာ ယာဘက်(သတ္တမထပ်) ကွန်ဒိုတိုက်ခန်းအား ဒေါ်ခင်အေးထွန်း[၁၂/လမတ(နိုင်) ၀၃၀၀၉၇] က တစ်ဦးတည်း ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း အများသိစေရန် ကြေညာခြင်းအပေါ် တုံ့ပြန်ရှင်းလင်းကြေညာခြင်း

၁။ ဒေါ်နှင်းယုဝေလွင် [၁၂/ပဇတ(နိုင်)၀၃၅၂၃၇] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ–ဒေါ်နှင်းယုဝေလွင်သည် ဒေါ်ခင်အေးထွန်း၏ တူအရင်းတော်စပ်သူ–ဦးကျော်နိုင်ဝင်းနှင့် (၂၀၁၀)ခုနှစ်ကတည်းက ချစ်ကြိုက်ခဲ့ရာ ချစ်သူသက်တမ်း (၁၂)နှစ်ကြာထိ နှစ်ဖက်မိဘများအသိအမှတ်ပြုခြင်းကို ခံခဲ့ရသည်ကို ဒေါ်ခင်အေးထွန်း သိရှိပြီးဖြစ်ပါသည်။ ထိုသို့ ကျွန်ုပ်မိတ်ဆွေနှင့် ဦးကျော်နိုင်ဝင်းတို့ ချစ်သူသက်တမ်း(၇)နှစ်အကြာတွင် ကျွန်ုပ်မိတ်ဆွေ၏ မိဘများမှ (၁၇–၅–၂၀၁၈)နေ့တွင် အထက်ကြေညာချက်ပါတိုက်ခန်းအား ငွေကျပ်(၄၅၀)သိန်းတိတိ စိုက်ထုတ်၍ဝယ်ခဲ့ပြီး ဒေါ်ခင်အေးထွန်းမှလည်း တူတော်စပ်သူ ဦးကျော်နိုင်ဝင်းအတွက် မင်္ဂလာဆောင်လျှင် လက်ဖွဲ့ရန်အတွက် ငွေကျပ်(၄၅၀)သိန်း စိုက်ထုတ်၍ စုစုပေါင်းငွေကျပ်(၉၀၀)သိန်းတိတိဖြင့် ဝယ်ယူခဲ့သည်ကို ဒေါ်ခင်အေးထွန်းအနေဖြင့် သိရှိပြီးဖြစ်ပါသည်။ အခန်းမှာ Hall ဖြစ်၍ အခြားပြင်ဆင်စရိတ်ငွေကျပ် (၂၀၀)သိန်းကိုလည်း ကျွန်ုပ်မိတ်ဆွေမှ စိုက်ထုတ်ပြင်ဆင်ခဲ့သည်ကိုလည်း ဒေါ်ခင်အေးထွန်းအနေဖြင့် သိရှိပြီးဖြစ်ပါသည်။ (၁၇–၅–၂၀၁၈)နေ့ တိုက်ခန်းအရောင်းအဝယ်စာချုပ် ချုပ်ဆိုစဉ်က ကျွန်ုပ်မိတ်ဆွေ၏မိဘများမှ ဝယ်ယူသူ စဉ်(၁)နေရာတွင် ၎င်း၏သားမက်လောင်း ဦးကျော်နိုင်ဝင်းအမည်ဖြင့် စာချုပ်ချုပ်ဆိုခဲ့သည်ကို ထိမ်ချန်ပြီး (၆–၉–၂၀၂၄) ရက်စွဲပါ သတင်းစာကြေညာတွင် ဒေါ်ခင်အေးထွန်းတစ်ဦးတည်းကသာ တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော တိုက်ခန်းဖြစ်ကြောင်း ကြေညာခြင်းမှာ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေပါသည်။ (၁၇–၅–၂၀၁၈)ရက်စွဲပါ “တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်” မူရင်းကို ကျွန်ုပ်မိတ်ဆွေ၏ မိဘများကသာ ရရှိခဲ့သလို တိုက်ခန်းသော့ကို ရယူခဲ့သည်ကို ဒေါ်ခင်အေးထွန်း သိရှိပြီးဖြစ်ပါသည်။

၂။ ထို့နောက် (၂၂–၁၂–၂၀၂၂)ရက်နေ့တွင် ဦးကျော်နိုင်ဝင်းနှင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်နှင်းယုဝေလွင်တို့ မင်္ဂလာညှော်ခံပွဲကျင်းပပြီးနောက် အထက်ပါ မိဘများဝယ်ယူပေးခဲ့သောတိုက်ခန်းတွင် နေထိုင်ခဲ့ပြီး ယင်းနေ့တွင်ပင် ကျွန်ုပ်မိတ်ဆွေ၏ မိဘများမှ တိုက်ခန်းစာချုပ်မူရင်းကို ကျွန်ုပ်မိတ်ဆွေ၏လက်ဝယ်သို့ ပေးအပ်ခဲ့သလို ဒေါ်ခင်အေးထွန်းမှလည်း ၎င်းစိုက်ထုတ်ခဲ့သော ငွေကျပ်(၄၅၀)သိန်းကို လက်ဖွဲ့အဖြစ် ပေးအပ်ခဲ့သည်ကို ထိမ်ချန်ကြေညာခဲ့ပါသည်။ ထိုသို့ ကျွန်ုပ်မိတ်ဆွေနှင့် ဦးကျော်နိုင်ဝင်းတို့ အထက်ပါတိုက်ခန်းတွင် နေထိုင်ရင်း ကျွန်ုပ်မိတ်ဆွေခတ်ထားသော သော့အား ဒေါ်ခင်အေးထွန်း၏တူတွင်ရှိသော သော့ဖြင့် ဒေါ်ခင်အေးထွန်းမှ ဝင်ရောက်ပြီး အထက်ပါစာချုပ်အား ခိုးယူခဲ့သည့်ကိစ္စရပ် ပေါ်ပေါက်ခဲ့၍ လသာမြို့မရဲစခန်းတွင် (ပ)နံပါတ်–၂၄/၂၀၂၄ ဖြင့် ဒေါ်ခင်အေးထွန်းအပေါ် အမှုဖွင့်လှစ်ထားပြီး ၂၆–၆–၂၀၂၄ ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၆)တွင် ကျွန်ုပ်မိတ်ဆွေမှ ကနဦးကြေညာခဲ့ခြင်းအပေါ် ဒေါ်ခင်အေးထွန်းဘက်မှ တုံ့ပြန်ကြေညာခဲ့ခြင်း အလျဉ်းမရှိပါဘဲ ယနေ့အချိန်ထိ ထွက်ပြေးတိမ်းရှောင်နေရင်းနှင့်ပင် (၆–၉–၂၀၂၄) နေ့ သတင်းစာအားဖြင့် ကြေညာခဲ့ခြင်းဖြစ်သည်ကို ဒေါ်ခင်အေးထွန်းအနေဖြင့် ငြင်းဆိုနိုင်မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာပါသည်။

၃။ သို့ဖြစ်ပါ၍ (၆–၉–၂၀၂၄)ရက်စွဲပါ ကြေးမုံသတင်းစာတွင်ပါရှိသော ကြေညာချက်မှာ မှန်ကန်မှုမရှိ၍ အမြန်ဆုံးရုပ်သိမ်းပေးပါရန်နှင့် ကျွန်ုပ်မိတ်ဆွေ ပိုင်ဆိုင်အကျိုးခံစားခွင့်အား ဥပဒေနှင့်အညီ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မေသဇင်ဝင်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၆၆၀၄)**
**အမှတ်(၁၃၉)၊ ဘုရားကုန်းကျေးရွာ၊ သန်လျင်မြို့။**
**Ph:09–696599620**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တောင်ရပ်ကွက်၊ ဗဟိုလမ်းမ၊ အမှတ်–၁၇ ပေါ်တွင် ဆောက်လုပ်ထားသည့် တစ်ခန်းတည်း (၈½)ထပ်တိုက် ဓာတ်လှေကားပါ ကွန်ဒိုတိုက်အတွင်းရှိ ၃–လွှာ၊ အကျယ်အဝန်း (၂၆ x ၆၄)ပေရှိ ရေ၊ မီးအစုံ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းသူ **ဒေါ်အိဖြူလွင်** [၇/ပခန(နိုင်)၁၉၀၂၆၈]က မြေရှင် **ဒေါ်အိမ့်အိမ့်အောင်** [၁၂/စခန(နိုင်)၀၅၅၇၈၄] ထံမှ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်လက်ရှိထားပြီး မည်သူ့ကိုမဆို ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်အပြည့်အဝရှိကြောင်း၊ အရှုပ်အရှင်းလုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းခဲ့သဖြင့် ကျွန်ုပ်မိတ်ဆွေ **ဒေါ်မေသဇင်ဖူး** [၁၂/စခန(နိုင်)၀၆၈၂၇၈] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကွန်ဒိုတိုက်ခန်းရောင်းဖိုးငွေများအနက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်၍ အဆိုပါကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်သူ၏ညွှန်ကြားချက်ဖြင့်–**
**ဒေါ်မရန်ဂျာဆိုင်း (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၉၅၅)**
**အမှတ်–၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ M A C Towen**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၇၅၁၃၄**

## မသက်ဆိုင်တော့ပါကြောင်း အများသိစေရန်ကြေညာခြင်း

ဦးရဲဝင်းနိုင် [၁၂/သဃက(နိုင်)၁၇၈၁၉၆] နှင့် ဒေါ်နီနီဝင်းရွှေ [၁၂/သဃက(နိုင်)၁၇၉၆၂၇] တို့သည် (၆–၁–၂၀၂၀) ရက်နေ့မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သမီးတစ်ဦးထွန်းကားခဲ့ပါသည်။ ထိုသို့ပေါင်းသင်းနေထိုင်ခဲ့ရာ (၆–၃–၂၀၂၄) ခုနှစ်မှစ၍ ဦးရဲဝင်းနိုင်နှင့် ဒေါ်နီနီဝင်းရွှေတို့သည် လူမှုရေး၊ စီးပွားရေးကိစ္စများတွင် စိတ်သဘောထားချင်းမတိုက်ဆိုင်၍ နှစ်ဖက်သောလူကြီးစုံရာရှေ့တွင် ကွာရှင်းခဲ့သည်မှာ (၆)လကျော်ခန့်ရှိပြီဖြစ်ပါသည်။ သို့ပါ၍ ဦးရဲဝင်းနိုင်နှင့် ဒေါ်နီနီဝင်းရွှေတို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်းမရှိသည့်အပြင် လုံးဝသက်ဆိုင်ခြင်းမရှိ၍ ဒေါ်နီနီဝင်းရွှေနှင့်ပတ်သက်သော ကိစ္စရပ်များအား ဦးရဲဝင်းနိုင်နှင့် မသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲဝင်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မြင့်မြင့်ဌေး LL.B, LL.M., WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၄၇၉)**
**အမှတ်(၁၃၈) (မြေညီ)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၉၆၃၄၆၃၆၊ ၀၉–၄၃၀၆၃၅၅၆**

### (၆–၉–၂၀၁၃) ရက်စွဲပါ ကန်ထရိုက်တိုက်သစ်ဆောက်ရန် စာချုပ်ကို ကန်ထရိုက်တာမှပျက်ကွက်သည့်အတွက် မြေရှင်များက တစ်ဖက်သတ် ဖျက်သိမ်းကြောင်းကြေညာခြင်း

မြေရှင်များဖြစ်ကြသော (၁) ဦးဇော်မင်းဦး [၈/ဆပဝ(နိုင်)၀၅၃၅၃၅]၊ (၂) ဦးထွန်းထွန်းဝင်း [၁၄/ဘကလ(နိုင်)၁၅၀၀၇၅]၊ အမှတ်(၅၉၂)၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဒေါ်ခင်ခင်စိန် [၁၂/သဃက(နိုင်)၀၀၃၃၈၆ ]၊ အမှတ်–၂၂၀/G၊ ၄၀–လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူတို့က ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ အမှတ်(၅၉၂)၊ မြေကွက်အကျယ်အဝန်း(၂၅ x ၅၀) ပေရှိ မိမိတို့ပိုင်မြေကွက်ပေါ်တွင် RC (၃½) ထပ် တိုက်သစ်ဆောက်လုပ်ရန်အတွက် (၆–၉–၂၀၁၃) ရက်နေ့တွင် စာချုပ်ပြုလုပ်ချုပ်ဆိုခဲ့ကြပါသည်။ ယခုအခါ ကန်ထရိုက်တာဖြစ်သူ ဒေါ်ခင်ခင်စိန်သည် တိုက်သစ်ဆောက်လုပ်ရန် (၆–၉–၂၀၁၃) နေ့ကတည်းက ဆက်သွယ်၍မရဘဲ တိုက်သစ်ဆောက်လုပ်ရန် ပျက်ကွက်လျက်ရှိပါသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (အင်ဂျင်နီယာဌာန) နှင့် မြေယာဌာနတို့တွင်လည်း အချင်းဖြစ်တိုက်သစ်ဆောက်လုပ်ရန်ကိစ္စကို မည်ကဲ့သို့ဆောင်ရွက်ထားကြောင်းကိုလည်း မြေရှင်များထံ အသိပေးခဲ့ခြင်းမရှိဘဲ ပျက်ကွက်လျက်ရှိနေပါသည်။ မြေရှင်များထံမှ (၆–၉–၂၀၁၃) နေ့ကတည်းက ဂရန်နှင့်တကွ မြေပိုင်ဆိုင်မှုစာရွက်စာတမ်းများကိုလည်း ရယူသွားခဲ့ပြီး နှစ်ပေါင်း(၁၀)နှစ်ကျော်ခန့် လုံးဝဆက်သွယ်၍မရဘဲ တိုက်သစ်ဆောက်လုပ်ရန်ကိုလည်း ပျက်ကွက်လျက်ရှိနေပါသည်။ ထို့ကြောင့် မြေရှင်များနှင့် ကန်ထရိုက်တာတို့ချုပ်ဆိုထားသည့် (၆–၉–၂၀၁၃) ရက်စွဲပါ မြေရှင်နှင့်ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူကတိစာချုပ်ကို ယနေ့မှစ၍ လုံးဝဖျက်သိမ်းလိုက်ပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**စာချုပ်ဖျက်သိမ်းသူ/မြေရှင်များ**

| | |
|---|---|
| **ဦးဇော်မင်းဦး** | **ဦးထွန်းထွန်းဝင်း** |
| **[၈/ဆပဝ(နိုင်)၀၅၃၅၃၅]** | **[၁၄/ဘကလ(နိုင်)၁၅၀၀၇၅]** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄/တောင်၊ မြေကွက်အမှတ်–၄၆၁/ခ၊ ဧရိယာ(၂၀' x ၆၀')၊ မြေကွက်တည်နေရာအမှတ်(၄၆၁/ခ)၊ မြင်တော်သာလမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ခင်စန်းရီ[၁၂/သကတ(နိုင်)၀၇၈၄၅၂]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဒေါ်ဆုရတနာဟန်မှ တရားလိုပြုလုပ်၍ အမည်ပေါက် ဒေါ်ခင်စန်းရီ၊ ဦးကျော်ဇေယျတို့အား တရားပြိုင်ထားကာ ဗိုလ်တထောင်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်–၆၇/၂၀၂၃ ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့မှုအပေါ် အနိုင်ဒီကရီချမှတ်သည့် (၂၃–၆–၂၀၂၃) ရက်စွဲပါ စီရင်ချက်၊ တရားမဇာရီမှုအမှတ်–၁၀၂/၂၀၂၃ ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့်(၂၁–၂–၂၀၂၄)ရက်စွဲပါအမိန့်နှင့် ထုံးပုံကျအပြီးသတ်အမိန့်၊ ဗိုလ်တထောင်ခရိုင်တရားရုံး၏ (၁၂–၃–၂၀၂၄)ရက်စွဲပါစာအမှတ်–၄၂၅/၅–၂/၂၀၂၄ ဖြင့် တရားရုံးကိုယ်စား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် ဘီလစ်အရာရှိ ဒုတိယဦးစီးမှူး ဒေါ်အင်ကြင်းဆွေ[၁၂/ဗဟန(နိုင်)၁၀၁၀၂၁] အား ၂၁–၂–၂၀၂၄ ရက်စွဲပါအမိန့်ဖြင့် မြေပုံမြေရာဇဝင်ကူးယူခြင်း၊ မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်းများ ဆောင်ရွက်နိုင်ရန် ခန့်အပ်ပြီးကြောင်း ဌာနသို့ အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ တရားရုံး ဘီလစ်ဒေါ်အင်ကြင်းဆွေမှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်သောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## “ကန့်ကွက်နိုင်ပါကြောင်း” အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၄)၊ မြေကွက်အမှတ်(၃၇၀)၊ ဧရိယာအကျယ် (၄၀ ပေ x ၆၀ ပေ)ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် မြေချပါမစ်တို့တွင် ဦးအိုက်ဆန်း(ခ)အိုက်လန်း (ISN–၂၃၂၃၇၄) အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်ကို ပါမစ်အမည်ပေါက်ထံမှ အရောင်းအဝယ်အရပ်ကတိဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နွယ်ဦးမွန် [၁၂/တမန(နိုင်)၁၁၄၉၁၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းသူ [၈/ရစက(နိုင်)၁၆၂၇၃၃] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချမှုကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်အောင် (LL.B) အထက်တန်းရှေ့နေ (စဉ်–၂၂၅၅၅)**
**အမှတ်(၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ ၄၂–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀၅၀၆၀၄၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/မာန်ပြေ)၊ လူနေရပ်ကွက်အမှတ်(၃/မာန်ပြေ)၊ မာန်ပြေ(၁၈)လမ်းအနောက်၊ အမှတ်(၂၁/က)၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၁)ခန်းတည်း (၆)ထပ်တိုက်၏ ပထမထပ်၊ (၂–လွှာ)၊ အကျယ်အဝန်း (၁၈ ပေ x ၅၅ ပေ)ရှိ တိုက်ခန်းကို** ဒေါ်သီတာထွန်း [၈/သရဖ(နိုင်)၀၄၇၁၈၀]သည် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မာဦး [၁၁/ပတန(နိုင်)၀၆၀၁၉၆]မှ ဝယ်ယူရန်သဘောတူညီခဲ့သည့်အလျောက် (၁၆–၉–၂၀၂၄) ရက်နေ့တွင် တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအငြင်းပွားခြင်း၊ ပြဿနာတစ်စုံတစ်ရာ၊ အရှုပ်အရှင်းတစ်စုံတစ်ရာရှိပါက သက်ဆိုင်သူများသည် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ခိုင်မာသည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်နှင့် ကျွန်ုပ်၏မိတ်ဆွေထံသို့ လူကိုယ်တိုင် တိုက်ရိုက်လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက သတ်မှတ်ရက်ကျော်လွန်လျှင် ကတိစာချုပ်ပါနေ့ရက်အတိုင်း ဆက်လက်၍ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုဇနခင် တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၅၂၉)**
**ရုံးခန်းလိပ်စာ–တိုက်(၂)၊ အခန်းအမှတ်(၃၀၂)၊ မြင်တော်သာအိမ်ရာ၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၂၅၀၉၇၇၇၁၇**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ Star City အိမ်ရာ၊ တိုက်အမှတ်(B3)၊ (ပထမထပ်)၊ အခန်းအမှတ်(221)၊ အကျယ်အဝန်း (၉၃၈)စတုရန်းပေရှိ ကွန်ဒိုမီနီယံတိုက်ခန်းနှင့် ယင်းကွန်ဒိုမီနီယံတိုက်ခန်းအတွင်းရှိ ပရိဘောဂများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားများ ပြသ၍ တရားဝင် ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသဖြင့် ဒေါ်ဆုသက်ထွဏ်း [၁၂/ဥကမ(နိုင်)၁၉၀၅၆၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးစောရဲကိုကို [၃/လဘန(နိုင်)၁၀၃၀၈၆]၊ ဒေါ်နွေးမြင့်မြတ်အောင် [၇/ဖမန(နိုင်)၁၈၃၇၂၄] တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားမူရင်းနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ပြည့်ပြီးနောက် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းမြတ်ဆွေ အထက်တန်းရှေ့နေ (စဉ်–၅၀၁၀၃)**
**အမှတ်–၂/၁ (မြေညီ)၊ သီရိမင်္ဂလာလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၈၄၂၇၂၉၀၇၊ ၀၉–၉၆၀၆၆၀၆၀၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၂၁၂) ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတည်း၊ (၈)ထပ်တိုက်၏ သတ္တမထပ် (၈–လွှာ)၊ အကျယ်အဝန်း (၂၅ x ၅၀) ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထားသူ ကွယ်လွန်သူ ဒေါ်မြင့်မြင့်သိန်း၏ သားသမီးများဖြစ်ကြသော (၁) ဒေါ်မိုးသန္တာ [၁၂/ကမတ(နိုင်)၀၀၁၃၅၄]၊ (၂) ဦးနိုင်လင်း [၁၂/ကမတ(နိုင်)၀၅၆၇၁၅]တို့အား ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နွယ်နီအောင် [၁၂/စခန(နိုင်)၀၀၅၄၇၀] မှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့် (LL.B)** | **ဒေါ်အိဖြိုးဇင် (LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၀၆၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၉၇၅)** |
| **ဖုန်း–၀၉–၄၂၁၀၃၅၉၆၃** | **ဖုန်း–၀၉–၇၉၀၁၂၃၄၈၀** |

**အမှတ်(၈၆)၊ ၇–လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁၁)ရပ်ကွက်၊ လမ်းသစ်အိမ်ရာ၊ Tower(A)၊ (၁၁) ထပ်၊ အခန်းအမှတ် (A–၁၁၀၁)၊ (ယခင် တိုက်အမှတ် (၅)၊ အခန်းအမှတ် (၅)၊ လမ်းသစ်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့)ရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် ရန်ကုန်တိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် မူလဦးစီး ဦးတင်ပိုင်အမည်ဖြင့် မှတ်သားတည်ရှိ၍ ယခု ရောင်းချပိုင်ခွင့်ရှိသူ သမီး ဒေါ်မူမူပိုင် [၁၂/လမတ(နိုင်)၀၂၇၂၆၄] အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့် (LL.B)** | **ဒေါ်အိဖြိုးဇင် (LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၀၆၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၉၇၅)** |
| **ဖုန်း–၀၉–၄၂၁၀၃၅၉၆၃** | **ဖုန်း–၀၉–၇၉၀၁၂၃၄၈၀** |

**အမှတ်(၈၆)၊ ၇–လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ (၅)ထပ်ကြီးတောင်ရပ်ကွက်၊ (၅)ထပ်ကြီးဘုရားလမ်း၊ အမှတ်(၁၀၉) ပေါ်တွင် ဆောက်လုပ်ထားသော (၅)ခန်းတွဲ၊ (၁၁½) ထပ်တိုက်၏ 4th Floor–B (4B)Condo၊ ဧရိယာ (1790sqft) တိုက်ခန်းတစ်ခန်းနှင့် ကိုယ်ပိုင် (ရေ + မီး)၊ အဲကွန်း(၃)လုံးနှင့် ကားတစ်စီးစာပါကင်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်များဖြစ်သော (၁) ဦးသန်းဆွေ [၁၂/စခန(နိုင်)၀၃၉၁၄၉]၊ (၂) ဒေါ်မာလာထွန်း [၁၂/တမန(နိုင်)၁၀၆၂၀၃]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးမြင့်ရီ BSc, DA, HGP, RL, DBL. DML, DIL** | **ဦးသိန်းညွန့် BA, HGP, RL, DBL. DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၃၅၆၁)** |
| **ဖုန်း–၀၉–၄၂၈၇၇၀၈၂၀** | **ဖုန်း–၀၉–၅၀၅၃၁၀၇** |

**အမှတ်–၁၄၂၊ ပထမထပ်၊ ၃၉–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

# ဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး)ဗိုလ်လောင်းများ ခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၃၀ ထက် မကျော်ရ။

(ဃ) (M.B.B.S) သို့မဟုတ် (B.D.S) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(မူရင်း)အား တင်ပြနိုင်ရမည်။

၂။ သက်ဆိုင်ရာ တက္ကသိုလ်မှ (Grading Certificate) အမှတ်စာရင်းပါရှိရမည်။

၃။ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

၆။ တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်။

၈။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး အောက်တိုဘာလ ၃၁ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၉။ သတ်မှတ်အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များအား တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိသားစုတစ်စု၊ နိုင်ငံတစ်နိုင်ငံကောင်းမွန်စေရေးအတွက် မိသားစုဝင်များ၊ နိုင်ငံသူ နိုင်ငံသားများကသာ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် မိသားစုကိုချစ်သည့်စိတ်၊ နိုင်ငံကိုချစ်သည့်စိတ်များ ရရှိကြစေရေး မိမိတို့အနေဖြင့် အမျိုးသားရေး ကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်ကြရမည်ဖြစ် ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)မှ အဖွဲ့ဝင်များအား တွေ့ဆုံစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**


**အိန္ဒိယနိုင်ငံမှ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးဆိုင်ရာပစ္စည်းများကို အိန္ဒိယစစ်ရေယာဉ် INS Satpura ဖြင့် မြန်မာနိုင်ငံသို့ ပို့ဆောင်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်**
စာမျက်နှာ » ၁၃

**ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း၌ မုန်တိုင်းကြိုတင်ကာကွယ်ရေး အစီအမံများဆောင်ရွက်**
စာမျက်နှာ » ၁၆

**ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ ပြည်ပစေတနာရှင် ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း**
စာမျက်နှာ » ၇


မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်၏ ၁၇-၉-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆ : ၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၁-၉-၂၀၂၄ မှ ၂၅-၉-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ




# တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ် ပိုမိုအားကောင်းလာနိုင်

နေပြည်တော် စက်တင်ဘာ ၁၈

သင်္ချာပုံစံပြမော်ဒယ်လ်များ၏ ခန့်မှန်းချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာနိုင်ကာ စက်တင်ဘာ ၂၀ ရက်တွင် ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်နိုင်ပြီး စက်တင်ဘာ ၂၀ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသများသို့ စတင်ဖြတ်ကျော် ရောက်ရှိနိုင်သည်။ အဆိုပါ အပူပိုင်းမုန်တိုင်းငယ်၏ အကြွင်းအကျန်တိမ်တိုက်များနှင့် လေပွေလှိုင်းသည် မြန်မာနိုင်ငံသို့ ဖြတ်ကျော်ပြီးနောက် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ပြန်လည်အစပျိုးအားကောင်းလာနိုင်သည်။

အဆိုပါ ဖြတ်ကျော်လာနိုင်သည့် လေပွေလှိုင်း၏အရှိန်ကြောင့် စက်တင်ဘာ ၂၁ ရက်မှ စက်တင်ဘာ ၂၅ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ **စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ❖



ဘိုင်ယန်မြူးနစ်အသင်းနှင့် ဒိုင်နမိုဇာဂရက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# လက်ရှိချန်ပီယံ ရီးယဲလ်မက်ဒရစ်၊ ဘိုင်ယန်မြူးနစ်နှင့် လီဗာပူးအသင်းတို့ ချန်ပီယံလိဂ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် နိုင်ပွဲကိုယ်စီရရှိခဲ့

၂၀၂၄-၂၀၂၅ ဘောလုံးရာသီရဲ့ ချန်ပီယံလိဂ် အဖွင့်ပွဲစဉ်တွေအဖြစ် စက်တင်ဘာ ၁၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်တွေထဲမှာ လက်ရှိချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်း၊ ဘိုင်ယန်မြူးနစ်အသင်းနဲ့ လီဗာပူးအသင်းတို့ဟာ အဖွင့်ပွဲစဉ်မှာ နိုင်ပွဲကိုယ်စီရရှိခဲ့ကြပါတယ်။

**အနိုင်ရရှိ**

လက်ရှိချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းဟာ စတုဂတ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းက ဒိုင်နမိုဇာဂရက်အသင်းကို ကိုးဂိုး - နှစ်ဂိုး၊ လီဗာပူးအသင်းက အေစီမီလန်အသင်းကို သုံးဂိုး - တစ်ဂိုး အသီးသီး အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းနဲ့ စတုဂတ်အသင်းတို့ ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တဲ့ အန်းဒရစ်ဟာ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ အသက်အငယ်ဆုံးချန်ပီယံလိဂ်ဂိုးသွင်းရှင်လည်း ဖြစ်လာခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းက ဒိုင်နမိုဇာဂရက်အသင်းကို အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်မှာ တိုက်စစ်မှူး ဟယ်ရီကိန်းဟာ သွင်းဂိုးလေးဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးလေးဂိုး သွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးအင်္ဂလန်ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။ **စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ❍